ORIGINAL

# GANGSTER

FRANK LUCAS

With Aliya S. King

THE REAL LIFE STORY OF ONE OF AMERICA'S MOST NOTORIOUS DRUG LORDS



# မိုက်သွေး

နေထွန်းလင်း (မြန်မာပြန်)

## မိုက်သွေး

## နေထွန်းလင်း (မြန်မာပြန်)

ကျိုးပဲ့ကြေမွနေတဲ့ ဝိညာဉ်တွေ

တစ်စစီ ပျက်စီးနေတဲ့ နှလုံးသားတွေ

ဘဝရဲ့တဒင်္ဂအခက်အခဲတွေကို

ခဏတာလေး သာယာဖို့အတွက်

သူတို့ မူးယစ်ဆေးသုံးဖို့ လိုနေကြတယ် ...

ကျွန်တော့်ဘက်က ကြည့်ရင်တော့လည်း ငွေတွေ ...

သူတို့ဘက်က ကြည့်ရင်တော့ ဘဝတွေပေါ့ဗျာ ...

***

## မူရင်းရေးသူ၏ အမှာ

ဒီစာအုပ်ကို ရေးသားရခြင်းဟာ ဖတ်ရှုနေတဲ့ လူငယ်အားလုံး အတွက် ရည်ရွယ်ပါတယ်။ အထူးသဖြင့် ကျွန်တော် သားလေးယောက်နဲ့ ကျွန်တော့် သမီး လေးယောက်အတွက် အထူး ရည်ရွယ်ပါတယ်။ အငယ်ဆုံးသား "ရေး" အတွက်တော့ ပိုလို့တောင် ရည်ရွယ်ထားပါတယ်။ ကျွန်တော့်ရဲ့ အမှားတွေကို သင်ခန်းစာအဖြစ် ရယူနိုင်ကြပါစေ။ ဆက်ပြီးတော့ အမှား တွေထဲ တဝဲလည်လည် ဖြစ်ပြီးတော့ လမ်းမှားတွေ ဆက်မလျှောက်မိကြပါ စေနဲ့။ သားတို့ သမီးတို့အနေနဲ့ ကျောင်းပညာရေး တွေမှာ အကောင်းဆုံး သင်ယူပြီး၊ ဘွဲ့ရတွေအနေနဲ့ တိုင်းပြည် အကျိုးပြုသူတွေ ဖြစ်ဖို့နဲ့ မြင့်မားတဲ့

ရာထူးရာခံတွေနဲ့ ဘဝကို အကောင်းဆုံး ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်း ဆန္ဒပြုလိုက်ပါတယ်။

ရိုးသားစွာ

ဖရန့်လူးကပ်စ်

***

## မြန်မာပြန်သူ၏ အမှာ

(ဒီစာအုပ်ကို ဘာကြောင့်ဖတ်သင့်လဲ)

ဦးဆုံးအနေနဲ့ ဒီစာအုပ် အောင်အောင်မြင်မြင်နဲ့ ထွက်ရှိလာတဲ့အပေါ်မှာ ဘုရားသခင် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ဒုတိယအနေနဲ့တော့ ဒီစာအုပ်အတွက် အခွင့်အရေးပေးလာတဲ့ ကိုဝင်းလှိုင် (မဟာစာပေ) ကို ကျေးဇူးတင်ပါတယ်။

"နဖူးတွေ့ ဒူးတွေ့" လို့ အမည်ပေးထားတဲ့ ဒီစာအုပ်ကို ဘာကြောင့် ဖတ်သင့်လဲ...

မူရင်းစာအုပ်ကတော့ Original Gangster လို့ အမည်ရပြီး ဒီဖြစ်ရပ်တွေထဲ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ဖရန့်လူးကပ်စ် ဖြစ်ပြီးတော့ သူ့ကို နယူးယောက်တိုင်းမ် မဂ္ဂဇင်းရဲ့ အယ်ဒီတာ အယ်လီတာ အက်စ်ကင်းက ကူညီပေးထားတာပါ။

မူးယစ်မှောင်ခို တစ်ယောက်က အမေရိကန်လို နိုင်ငံကြီးမှာ ဘိန်းဖြူဖြန့်ချိတဲ့ အလုပ်ကို နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ရတဲ့အပေါ်မှာ ရေးသားထားတာပါ။

ကိုယ်ရေးအတ္ထုပ္ပတ္တိ ဆန်ဆန် စာအုပ်တစ်အုပ်လို့ ထင်ရပေမဲ့ တကယ်တမ်းမှာ ဝတ္ထု တစ်ပုဒ်ထက်တောင် ကောင်းလွန်းတယ်။ ဇာတ်လမ်း ဇာတ်ကွက်တွေ ကလည်း ကျကျနန ရှိလွန်းပါတယ်။ အခန်းတစ်ခန်းချင်း အလိုက် စိတ်ဝင်စားစရာတွေ ပြည့်နှက်နေပြီး ဘာပြီးရင် ဘာ

တွေ ဆက်ဖြစ်မလဲဆိုတာ သိချင်စိတ် ဖြစ်အောင်ကို ရေးသားထားနိုင်တာ တွေ့ရပါတယ်။

ဖရန့်လူးကပ်စ်ဆိုတာ အမေရိကန်နိုင်ငံက မှောင်ခိုမူးယစ်ရာဇာ ဘိန်းဘုရင် တစ်ယောက်မှန်း သိကြတဲ့သူများပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ American Gangster ဆိုတဲ့ ဇာတ်ကားကို ကြည့်ဖူးကြသူ တော်တော် များများကလည်း ဖရန့်ကို ဒန်ဇယ်ဝါရှင်တန် အနေနဲ့ တွဲသိသွားကြတာပါ။

ရုပ်ရှင်အနေနဲ့ ကြည့်ကောင်းတဲ့ ဇာတ်ကားတစ်ကားလည်း ဖြစ်ခဲ့ပါတယ်။ ဗီယက်နမ် စစ်အတွင်း ကျဆုံးသွားတဲ့ အမေရိကန်စစ်သားတွေ ပြန်သယ်တဲ့ အလောင်းအောက်တွေမှာ ဘိန်းတွေကို ထည့်သယ်ခဲ့တဲ့ ဖြစ်ရပ်၊ ရွှေတြိဂံဒေသလို့ လူသိများ မြန်မာ၊ ထိုင်း၊ လာအိုနယ်စပ်က နာမည်ကျော် ဘိန်းဘုရင် ခွန်ဆာကို လာတွေ့ခဲ့ပြီး သူရဲ့ ဘိန်းတွေကို နယူးယောက်ထိ သယ်ခဲ့တဲ့ ဇာတ်လမ်းတွေ အပေါ်မှာ စိတ်ဝင်တစား ရှိခဲ့ကြတာပါ။ ပြီးတော့ အချို့ကလည်း ဖရန့်လူးကပ်စ် အကြောင်းကို အင်တာနက်မှာ သတ်သတ်လေ့လာကြတာတွေလည်း ရှိတယ်။

တကယ်တော့ အခုစာအုပ်နဲ့ ကျွန်တော်တို့ ကြည့်ခဲ့တဲ့ American Gangster ဇာတ်ကားက လုံးဝ ကွာခြားပါတယ်။ ဇာတ်လမ်းက ဖြစ်ရပ်မှန်ပေါ် အခြေခံရိုက်ကူးခဲ့ပေမဲ့ ဖရန့်ရဲ့ဘဝတစ်ခုလုံးကို မခြုံငုံမိသလို၊ ပြောင်းထားတာတွေလည်း အများကြီးဖြစ်တယ်ဆိုတာ စာအုပ်ဖတ်မှ သိလိုက်ရပါတယ်။ ထုံးစံအတိုင်းပဲ စာအုပ်က ရုပ်ရှင်ထက်တောင် ပိုကောင်း နေပါတယ်။

ကျွန်တော့်အတွက်တော့ စာအုပ်ရေးနေတဲ့ တစ်ချိန်လုံး ဖရန့်နေရာ မှာ သရုပ်ဆောင်ထားတဲ့ ဒန်ဇယ်ဝါရှင်တန်ကပဲ ဆက်ပြီး ကျွန်တော့်ကို

သရုပ်ဆောင်ပြနေတဲ့အတိုင်း မျက်လုံးထဲ ပုံပေါ်နေခဲ့ပါတယ်။ American Gangster ဇာတ်ကား ကြည့်ထားသူဆိုရင် အဲဒီလိုမျိုးဖြစ်နေမှာ မလွဲမသွေပဲ။

၁၉၇၀ ကာလတွေ အတွင်းမှာ အမေရိကန်နိုင်ငံဟာ တကယ်ကို ဆိုးဆိုးရွားရွား အခြေအနေနဲ့ ရင်ဆိုင်နေရချိန်ပါ။ ဗီယက်နမ်စစ်ပွဲလည်း ဖြစ်နေသလို ပြည်တွင်းမှာ ဥပဒေစိုးမိုးရေး အဖွဲ့တွေ၊ ရဲတွေနဲ့ စစ်တပ်တွေမှာ အကျင့်ပျက်ခြစားမှုတွေ၊ လမ်းပေါ်က လူငယ်အများစုကလည်း မူးယစ်ဆေးဝါးစွဲတဲ့ ပြဿနာတွေကို အလူးအလဲ ရင်ဆိုင်နေရချိန်ဖြစ်ပါတယ်။

အဲဒီကာလအတွင်းမှာ ဖရန့်က အကောင်းဆုံး အသုံးချပြီး ဘီလီယံနာတစ်ဦး ဖြစ်အောင် ကြိုးစားသွားတာပါ။

ဒီစာအုပ်ဟာ တက်ကျမ်းတစ်အုပ် မဟုတ်ပါဘူး။ ဘိန်းမှောင်ခိုလုပ်တဲ့ လူဆိုးတစ်ယောက် အကြောင်း ရေးထားတဲ့ စာအုပ်ပါ။

ဒါပေမဲ့ ဘိန်းမှောင်ခိုသမားကြီး ဖရန့်ဆီမှာ စီးပွားရေး သမားတွေထက် သာလွန်တဲ့ အတွေ့အကြုံတွေ၊ ဖြတ်ထိုးဉာဏ်တွေ ရှိနေတယ်ဆိုတာ တွေ့လိုက်ရပါတယ်။ ငယ်ရွယ်ချိန်မှာ ဆင်းရဲတဲ့ ဘဝကနေ ကြုံတွေ့လာရတဲ့ အခြေအနေတွေပေါ်မှာ ကြိုးစားရင်ဆိုင် ဖြတ်သန်းတာ၊ လဲကျတိုင်းလည်း မရမက ပြန်ထပြီး ကြိုးစားတာ၊ ဘဝကို အခက်အခဲကြားက သတ္တိရှိရှိ ရင်ဆိုင်တာတွေဟာ ဇာတ်လမ်းတစ်ခု မဟုတ်ဘဲ တကယ်ကို ခွန်အားရစရာ ဖြစ်ရပ်မှန်တစ်ခုပါ။

နောက်ဆုံးအချိန်မှာ သူ နောင်တရတဲ့ အခြေအနေတွေကို ပေါ်လွင်မြင်သာစေခဲ့ပြီး၊ လူဆိုး တစ်ယောက်ရဲ့ ဇာတ်သိမ်းကို အကောင်းဆုံး အဆုံးသတ်ပြခဲ့တာ ကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

အကောင်းဆုံးသော သင်ခန်းစာယူစရာတွေ ဒီစာအုပ်ထဲက ရနိုင်သလို၊

မိမိရဲ့ဘဝမှာ ငွေကြေးနဲ့ပတ်သက်တဲ့ ဆင်ခြင်ရမဲ့ အချက်တွေကိုလည်း ပြန်သုံးသပ်တာမျိုးတွေ ကောင်းကောင်း လုပ်နိုင်ပါတယ်။

တက်ကျမ်းတွေထဲကလို ဘဝအတွက် တိုးတက်ဖို့ ဘာလုပ်ပါ၊ ဘာလုပ်ပါလို့ ပြောနေတာမျိုး မဟုတ်ဘဲ ဖြစ်ရပ်မှန် ဇာတ်လမ်းကြီး တစ်ခုကို ဖြတ်သန်းပြသွားတဲ့ ဖရန့်ဆီကနေ အဆီအနှစ်တွေ ထုတ်ပြီး စာဖတ်သူတွေအနေနဲ့ ကောင်းကောင်း ဆင်ခြင်လေ့လာစရာတွေ မြောက်မြားစွာ ရှိနေမယ် ဆိုတာ အာမခံနိုင်ပါတယ်။

အောင်မြင်ခဲ့တဲ့ လူတစ်ယောက် အကြောင်းကို လေ့လာချင်ရင် သူ့အကြောင်းတွေ ရေးသားထားတဲ့ စာအုပ်တစ်အုပ်ကို ကောက်ဖတ်လိုက်၊ ဒါဆို သူဘာတွေမှားခဲ့လဲ၊ မှန်ခဲ့လဲဆိုတာ အချိန်တိုအတွင်း သင်ခန်းစာ ယူနိုင်မယ်လို့ ဘီလ်ဂိတ်က ပြောဖူးပါတယ်။ တကယ်လည်း ဖရန့်အကြောင်းကို ဖတ်မယ်ဆိုရင် ရသပိုင်းမှလည်း အကောင်းဆုံး အရသာ အပြည့်အဝ ရနိုင်သလို၊ ဘဝအတွက်လည်း အကျိုးရှိမယ်လို့ ခံစားမိပါတယ်။

မူရင်းစာအုပ်ရဲ့ ကောင်းမွန်မှုကတော့ ပြောစရာမလိုအောင်ပါပဲ။

တကယ်လို့ ဒီစာအုပ်မှာ လိုအပ်ချက် တစ်စုံတစ်ရာ ရှိခဲ့မယ်ဆိုရင်လည်း ကျွန်တော် ဘာသာပြန်တဲ့သူရဲ့ အားနည်းချက် ဖြစ်ပါတယ်လို့ ကြိုတင် ဝန်ခံထားပါတယ်။

ဖရန့် လူးကပ်စ်ဆီက သင်ခန်းစာတွေ ရယူနိုင်ပါစေလို့ မျှော်လင့်ရင်း...

ခင်မင်မှုများစွာဖြင့်<br>နေထွန်းလင်း<br>(၇.၇.၂၀၂၀)

***

(၁)

လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်ဆယ်ကျော်က ဖြစ်ရပ်တစ်ခုနဲ့ စချင်တယ်။

အခုချိန်ထိလည်း ဒီဖြစ်ရပ်က ခေါင်းထဲမှာ ရှင်းရှင်းလင်းလင်း မြင်နေရဆဲပဲလေ...

ကျွန်တော် အသက် ခြောက်နှစ်အရွယ်၊ အနီရောင် ညဝတ်အင်္ကျီ ဖားဖားကြီးဝတ်ပြီး နိုးလာတဲ့နေ့။

***

၁၉၃၆ ခုနှစ် နွေရာသီ မနက်စောစောမှာ အထိတ်တလန့်နဲ့ လန့်နိုးခဲ့ရတယ်။

ကျွန်တော်က မြောက်ကာရိုလိုင်းနား ကျေးလက်ဒေသမှာ မိဘတွေနဲ့ အတူနေတယ်။ အဲဒီမှာ ကျွန်တော် အချစ်ဆုံးအစ်ကိုဝမ်းကွဲ အိုဘိုင်ဒါး ဘိုင်ဒန်လည်း ရှိတယ်။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်က အမြဲလိုလို ကောက်ရိုးတွေ ခင်းထားတဲ့ မွေ့ရာပေါ်မှာ အတူတူအိပ်လေ့ရှိတယ်။ အဲဒီနေ့ က ကျွန်တော် အိပ်ရာနိုးတော့ ဘိုင်ဒန်က အိပ်ရာပေါ်မှာ မရှိတော့ဘူး။

ကျွန်တော်တို့အိမ်ရှေ့မှာ လူတစ်စုက ဒေါသတကြီးနဲ့ အော်ဟစ်နေကြတယ်။ ဘိုင်ဒန် ကလည်း ဘာလဲဆိုတာ သိဖို့အတွက် အိမ်ရှေ့တံခါးဆီကို လျှောက်သွားနေတဲ့ ခြေသံကို ကျွန်တော် ကြားနေရတယ်လေ။

အဲဒီနေ့က အဖေကလည်း မရှိဘူး။ အလုပ်ကိစ္စတစ်ခုနဲ့ အဝေး တစ်နေရာကို ရောက်နေတယ်။ အမေနဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပဲ ကျန်ခဲ့

တာပေါ့။ ကျွန်တော် ကြားနေရတာက ကျွန်တော် ဝမ်းကွဲအစ်ကိုကို ထွက်လာဖို့ ခေါ်နေတဲ့ အသံတွေ။

ကျွန်တော် ရှေ့ထိုင်ခုံပေါ်မှာ လွှားထားတဲ့ ရှပ်အင်္ကျီတစ်ထည်ကို တွေ့လိုက်တော့ ကျွန်တော် ကောက်ဝတ်လိုက်တယ်။ အဲဒီအင်္ကျီက တော်တော်ရှည်တာ ဒူးအထိတောင် ဖုံးသွားတယ်။ သေချာတာကတော့ ဒီအင်္ကျီက အဖေ့အင်္ကျီဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ဘိုင်ဒန့်အင်္ကျီဆိုတာ ကတော့ အသေအချာပဲဗျာ။

"ဘိုင်ဒန် ဘာတွေ ဖြစ်နေတာလဲ" လို့ ကျွန်တော်လည်း မျက်လုံးတွေပွတ်ရင်း အိပ်ချင်မူးတူးနဲ့ အော်မေးလိုက်တယ်။

"အဲဒီမှာပဲနေနေ ဖရန့်"

"ထွက်လာခဲ့ နီဂရိုးကောင်" လို့ လူတစ်ယောက် အသံကျယ်ကျယ်နဲ့ အော်သံကိုလည်း ကျွန်တော် ကြားလိုက်ရတယ်။

အဲဒီအသံက ဘယ်လောက်တောင် ကြမ်းလည်းဆိုရင် ကျွန်တော် ထပြီးခုန်မတတ် လန့်စရာကောင်းတဲ့ အသံပဲဗျ။ တစ်ချိန်တည်းမှာပဲ တံခါးဝလေးမှာ ကြောက်အားလန့်အား ရပ်နေတဲ့ ကျွန်တော့်အစ်ကိုရဲ့ သွေးပျက်နေတဲ့ မျက်နှာကိုလည်း ကျွန်တော် လှမ်းမြင်နေရပြန်တယ်။

"မင်း ထွက်မလာဘူးဆိုရင် ငါတို့ မင်းဆီ လာရလိမ့်မယ် ဟေ့ကောင်"လို့ နောက်လူ တစ်ယောက်က တံခါးအပြင်ကနေ ထပ်အော်နေပြန်တယ်။

ဘိုင်ဒန်က တံခါးကို ဖွင့်လိုက်ချိန်မှာပဲ အပြင်မှာရှိနေတဲ့ သုံးယောက်က သူ့ကို အပြင်ကို ဆွဲထုတ်လိုက်တယ်။ အဲဒီ သုံးယောက်စလုံးက လူဖြူတွေဖြစ်ပြီးတော့ ခပ်ထွားထွား ကိုယ်ခန္ဓာ ရှိတဲ့သူတွေပေါ့။ ဘိုင်ဒန်ကို အပြင်ဆွဲထုတ်သွားတဲ့ ဖြစ်ရပ်ကို ကျွန်တော်လည်း အဝေး တစ်နေရာကနေ

ချောင်းကြည့်နေရတယ်။

စိတ်ထဲမှာတော့ တစ်ခုခု မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေတာပေါ့။ အသက်ခြောက်နှစ်ပဲ ရှိသေးတဲ့ ကျွန်တော်အတွက်တော့ အိမ်ရဲ့အပြင်ဘက်မှာ ဘာတွေဖြစ်နေလဲ ဆိုတာ ဝေခွဲမရနိုင်အောင် စဉ်းစားမရအောင် ဖြစ်နေသလို အပြင်ကိုလည်း လည်ပင်းရှည်ထွက်မတတ် ကြည့်နေရပြန်တယ်။ လူဖြူသုံးယောက်က ဝိုင်းပြီးတော့ ဘိုင်ဒန်ကို ရေရေလည်လည် သမပါတော့တယ်။ ဝိုင်းရိုက်၊ ဝိုင်းထိုးကြတာ မြင်မကောင်းအောင်ပါပဲ။

"မင်းသိထားဖို့က ဒီနားမှာရှိတဲ့ အဖြူကောင်မလေးတွေကို သေချာတောင် စိုက်မကြည့်မိဖို့ပဲကွ နားလည်လား" လို့ သူတို့ထဲက အရပ်ရှည်ရှည် မျက်လုံးဝိုင်းဝိုင်းနဲ့ လူဖြူက သူ့ကို ပြောလာတယ်။

သူတို့သုံးယောက်က ဘိုင်ဒန်ကို ထိုးနေရင်းနဲ့ပဲ ဘိုင်ဒန်ရဲ့လက်ကောက်ဝတ်တွေကို ကြိုးရှည်တစ်ချောင်းနဲ့ တုပ်ကြပါတော့တယ်။ အခြားဘေးက လူနှစ်ယောက်က ဝိုင်းချုပ် ပေးထားတယ်။ ကြိုးနဲ့ ကျစ်နေအောင် တုပ်ပြီးတဲ့အခါမှာ မတ်တတ်ပြန်ရပ်စေပြီး သူတို့ထဲက တစ်ယောက်က ဘိုင်ဒန်ကို သေချာစိုက်ကြည့်ပြီးတော့...

"မင်းလား အဖြူကောင်မလေး ချောချောတွေကို မျက်စိကစားတာ"

"မင်းက ဘာကို လိုချင်တာလဲ ငမည်းကောင်ရဲ့"

အော်ဟစ် ပြောဆိုပြီးနောက်မှာ သူ့မှာ အသင့်ပါလာတဲ့ သေနတ်ဒင်နဲ့ ဘိုင်ဒန်ရဲ့ ပါးစပ်ကို ထုလိုက်ပါတယ်။ ဘိုင်ဒန်ပါးစပ်က သွားကျိုးပြီး သွေးတွေ ဒလဟော ထွက်ကျလာပါတော့တယ်။ ကြည့်နေရတဲ့ ကျွန်တော့်အတွက်တော့ အူထဲ အသည်းထဲကနေ ဒေါသစိတ်တွေရော၊ ကြောက်ရွံ့မှုတွေပါ ရောပြွမ်းထွက်လာတယ်။

သူနဲ့ အဖော်ပါလာတဲ့ နှစ်ယောက်က ဘိုင်ဒန်ကို သေချာ ချုပ်ပေးထားပြီး တော့ သူက သေနတ်ကို နှစ်ပတ်လောက် လှည့်လိုက်ပြီး လည်းပင်းနားကို ထောက်ပြီး အခုလို ဆက်ပြောပြန်ပါတယ်။

"ဒီမှာကြည့် နီဂရိုးကောင် မင်း အဖြူမိန်းကလေး တစ်ယောက်ကို ကြည့် လိုက်တဲ့ နောက်ဆက်တွဲ အကျိုးဆက်ကို မင်းခံစားနေရတာပဲကွ"

ပြောပြောဆိုဆို သူက သေနတ်မောင်းကို ဆွဲလိုက်ပြီး ခလုတ်ကိုပါ တစ်ပါတည်း ဖြုတ်ချလိုက်ပါတော့တယ်။

ဘိုင်ဒန်ဟာ ကျွန်တော့်အတွက်တော့ အစ်ကိုတစ်ယောက်လည်း ဟုတ် သလို၊ မိတ်ဆွေ သူငယ်ချင်းကောင်း တစ်ယောက်လို့ ပြောရင်လည်း မမှား ပါဘူး။ သူ့မှာ ငွေလေးတွေ ရှိတဲ့အခါ ကျွန်တော့်အတွက် သကြားလုံးလေး တွေ ဝယ်ကျွေးတယ်။ တစ်ခါတစ်ခါ သူနဲ့ကျွန်တော် တောအုပ်ထဲသွားပြီး ငါးတွေဖမ်းကြတယ်။ ဘောလုံးတွေပစ်ကြတယ်။ ရိုင်ဖယ်သေနတ်လေး ပါသွားတဲ့နေ့ ဆိုရင်တော့ ကျွန်တော်တို့ အမဲလိုက်ကြတယ်။ တကယ်ကို ပျော်စရာကောင်းတဲ့ နေ့လေးတွေကို သူနဲ့ ဖြတ်သန်းခဲ့ကြတာပါ။

ဘိုင်ဒန်ဟာ ကျွန်တော့်ငယ်ဘဝ အတွက် သူရဲကောင်းတစ်ယောက် ဖြစ်ခဲ့ ပါတယ်။ အခုတော့ သူက ကျွန်တော်တို့အိမ်ရှေ့မှာ သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားခဲ့ပြီ။ ကျွန်တော် ခင်ဗျားတို့ကို ဘယ်လို ပြန်ရှင်းပြရမလဲ ဆို တာ တော်တော်ခက်တယ်ဗျာ။ သွေးအိုင်ထဲမှာ အသက်ဆယ့်သုံးနှစ်ပဲ ရှိ သေးတဲ့ ကျွန်တော့်အစ်ကို တကယ်ကို ဆိုးဆိုးရွားရွားနဲ့ပဲ သေဆုံးရတဲ့ အဖြစ်နဲ့ ကြုံတွေ့လိုက်ရပြီ။

တကယ်တော့ ကလေးငယ် တစ်ယောက်ရဲ့ မနက်ခင်းတစ်ခုမှာ မြင်တွေ့ဖို့ မသင့်တဲ့ မြင်ကွင်းတစ်ခုကို ကျွန်တော် ဒီနေ့ ရင်ဆိုင် တွေ့ကြုံခဲ့ရတာပဲ လေ။ သွေးသံရဲရဲ၊ ရက်စက်လွန်းတဲ့၊ ဆိုးရွားလွန်းတဲ့ ဖြစ်ရပ်တစ်ခုကို

တစ်ခါမှမကြုံဖူးဘဲ ကြုံလိုက်ရတယ်လို့ ပြောရမှာပဲဗျာ။ ဒီဖြစ်ရပ်ကို သက်သေတစ်ယောက် အနေနဲ့ ကျွန်တော် အစအဆုံး မြင်တွေ့လိုက်ရတယ်။

ကျွန်တော် ဘယ်လိုမှ ဆက်မကြည့်ချင်တော့တဲ့ မြင်ကွင်းတစ်ခု၊ သွေးအိုင်ထဲမှာ သေနေတဲ့ ဘိုင်ဒန်ရဲ့အဖြစ်ကို ကျွန်တော် ဘယ်လိုမှ ဒီတစ်သက် မေ့နိုင်မှာမဟုတ်ပါဘူး။ ညဝတ်အင်္ကျီကြီး ဝတ်ထားဆဲဖြစ်တဲ့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ခြေအစုံကို အားစိုက်ပြီး တောအုပ်ထဲကို ထွက် ပြေးခဲ့တယ်။ နက်သထက်နက်တဲ့ တောအုပ်ထဲကို ကျွန်တော် ဝင်ပြေးနေခဲ့မိတယ်။ ဒါပေမဲ့ ဝေးဝေးတော့ ကျွန်တော် ဆက်မသွားနိုင်ခဲ့ပါဘူး။

ကျွန်တော် ဒူးထောက်ချလိုက်ပြီး ကျောက်တုံးတစ်တုံးပေါ်မှာ လက်ထောက်ပြီး အားပါးတရ ငိုချပစ်လိုက်ပါတယ်။ ဘိုင်ဒန်ကို ဟိုအဖွဲ့ ဘယ်လိုလုပ်ပြီး သတ်လိုက်တယ် ဆိုတဲ့ မြင်ကွင်းကို မစဥ်းစားဘဲနဲ့ ပြန်မြင်နေမိတယ်။ ကျွန်တော် တကယ်တော့ လုံးဝ ဒါကို မမြင်ချင်ဘူး၊ ဆက်ပြီးလည်း မတွေးချင်တော့ဘူး။

အင်မတန် သဘောထားကောင်းတဲ့ ဆယ်ကျော်သက်အရွယ် ကျွန်တော့်အစ်ကို ဘိုင်ဒန်ကို ကျွန်တော် တကယ်ကို လုံးဝ ဆုံးရှုံးလိုက်ရပါပြီ။ သူတို့တွေက ကျွန်တော်နဲ့ အမေရှေ့မှာ သွေးအေးအေးနဲ့ သတ်သွားကြတာပါ။ ဒီဖြစ်ရပ်ကို ခေါင်းထဲက လုံးဝ ထွက်သွားအောင် ကျွန်တော် အပြင်းအထန် ငိုကြွေးနေပါတော့တယ်။ တစ်ခဏအတွင်းမှာပဲ အရမ်းပင်ပန်းလာတဲ့ ကျွန်တော်ဟာ အဲဒီနေရာမှာတင် အိပ်ပျော်သွားခဲ့ပါတော့တယ်။

ကျွန်တော် မှတ်မိလာတဲ့ အချိန်မှာတော့ ကျွန်တော့်ကို အမျိုးသားတစ်ယောက် ကျွန်တော့်နာမည်ကို လှမ်းခေါ်တဲ့အသံကို ကြားလိုက်ရပါတယ်။

"ဖရန့်၊ ဖရန့် လူးကပ်(စ်) မင်းဒီမှာလား"

ကျွန်တော် ကြောက်လန့်တကြား လန့်နိုးလာသလိုပဲ၊ ဒီအသံဟာ ကျွန်တော့်အစ်ကိုကို သတ်သွားကြတဲ့ လူဖြူတွေရဲ့အသံ၊ ကျွန်တော့်ကိုလည်း လိုက်သတ်ဖို့ သူတို့ အော်ခေါ်နေတယ်လို့ပဲ ကျွန်တော် ထင်နေမိတယ်။ ဒါနဲ့ပဲ ကျွန်တော် လုံးဝ ပြန်မထူးမိအောင် နေနေခဲ့တယ်။

"ဖရန့် သားလူလေး၊ ငါခေါ်တာကြားရဲ့လား သားရယ်"

ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်တော့်ရဲ့အဖေကို ကျွန်တော် လှမ်းမြင်လိုက်ရတယ်။ ကျွန်တော် ရုတ်တရက် ပျော်ပြီး ခုန်ထလိုက်မိတယ်။ ပြီးတော့ တစ်ခါတည်းပဲ သူ့ဆီ ပြေးသွားလိုက်မိတယ်လေ။ သူခရီးက ပြန်ရောက်နေပြီ ဆိုတာတောင် ကျွန်တော် မသိခဲ့ရပါလား။ အဖေ့ကို မြင်လိုက်ရချိန်မှာ ကျွန်တော် တကယ်ကို အားရှိသွားခဲ့ရတာပါ။

"ဘာလို့များ အဝေးကြီးကို ထွက်ပြေးသွားရတာလဲ ငါ့သားရယ်၊ အဖေနဲ့ မင်းအမေ မင်းကို စိတ်ပူပြီး ရှာလိုက်ရတာတာကွာ"

"ကျွန်တော် အရမ်းလန့်နေတယ် အဖေရယ်"

အဖေက ကျွန်တော့်ကိုချီလာပြီး တောအုပ်ကိုဖြတ်၊ ကျွန်တော်တို့ အိမ်ရှိရာကို ပြန်လာကြပါတယ်။

အိမ်ပြန်ရောက်လာ ချိန်မှာတော့ ကျွန်တော့်မိဘတွေ တိုးတိုးတိုးတိုးနဲ့ ပြောဆို နေကြတာတွေ မြင်ရတယ်။ သူတို့မျက်နှာမှာလည်း ပူပန်မှုတွေ အပြည့်နဲ့ ပြည့်နေတာကိုလည်း ကျွန်တော် ကောင်းကောင်း မြင်နေရပါတယ်။

ကျွန်တော့်အမေက ခပ်ချောချောရယ်၊ အသားညိုတယ်။ ထောင်ထောင်မောင်းမောင်းထဲ မပါဘူး။ ဒါပေမဲ့ အတော်ကို ကြည့်ကောင်းတဲ့အထဲ ပါတယ်။ ဒီအချက်နဲ့တင် သူ့ဘာသာ ယုံကြည်မှုတွေ လျှံထွက်နေတဲ့ အမျိုးသမီး တစ်ယောက်ပုံ ပေါက်နေတယ်လို့ ကျွန်တော်ကတော့ မြင်

တယ်။

အဖေကလည်း အရပ်အရှည်ကြီးတော့ မဟုတ်ဘူး။ ခန္ဓာကိုယ်က တကယ်ကို တောင့်တောင့် တင်းတင်း ရှိတယ်။ ကျယ်ပြန့်တဲ့ ရင်အုပ်တွေ ရှိတယ်။ တော်ရုံ လူတစ်ယောက်တော့ ပြဿနာ သွားရှာလို့ရတဲ့ အထဲတော့မပါဘူး။ လူတွေနဲ့ သိပ်ပြီး ခင်ခင်မင်မင် ပေါင်းတတ်တဲ့ လူထဲလည်း မပါဘူး။ ဒါပေမဲ့ မိသားစုကိုတော့ တကယ်ကို အချိန်ပေးတဲ့ လူတစ်ယောက်ပဲ။ ကျွန်တော့်မိဘ နှစ်ဦးစလုံးက အရယ်အပြုံး သိပ်တောင် မရှိတဲ့သူတွေထဲ ပါတယ်လို့ ပြောရမယ်။ သူတို့ ကျွန်တော်ကို တော်တော်လေး ချစ်ခြင်းမေတ္တာ အပြည့်ပေးသလို၊ ကျွန်တော့်ရဲ့ တစ်အူထုံ့ဆင်း မောင်နှမတွေကိုလည်း အင်မတန်ချစ်ကြပါတယ်။

ဘိုင်ဒန် သေဆုံးပြီး သုံးရက်အကြာမှာ ကျွန်တော့်မိသားစု အားလုံးဟာ အိမ်နဲ့ ခရီးအနည်းငယ်ဝေးတဲ့ ရော့ခ်ဖို့ ဘုရားကျောင်းကို ကားလေးနဲ့ သွားကြတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာ ပီတာဟုဒ်က နာရေးအတွက် တရားဟောတယ်။ ဒီအချိန်ဟာ ကျွန်တော့်ဘဝမှာ မရင်ဆိုင် ချင်ဆုံး မဖြတ်သန်းချင်ဆုံး အချိန်တစ်ခုလို့လည်း ပြောလို့ရတယ်ဗျာ။

နာရေးထဲမှာပဲ ကျွန်တော်ငိုလို့ကို မဆုံးနိုင်တော့ဘူး။ ဘိုင်ဒန်သေ သွားတာထက်၊ သူ သေသွားရတဲ့ပုံစံကြီးကို လုံးဝခံစားလို့ မရတာကတစ်ကြောင်း၊ အကြမ်းဖက် ရက်စက်ခံရပြီး သေဆုံးသွားခဲ့ရတာက တစ်ကြောင်းပေါ့။ အဲဒီအဖြစ်အပျက်က ဘယ်လိုပဲ ထုတ်ပစ်ပစ် ကျွန်တော့်ခေါင်းထဲက ထွက်ကို မထွက်သွားနိုင် သေးပါဘူး။ တော်တော်ကို ခါးသီးစရာကောင်း လွန်းပါတယ်။

ဒီရက်ပိုင်းတွေအတွင်း ကျွန်တော့်မိသားစုကြားမှာလည်း ပုံမှန် ဖြတ်သန်းခဲ့ရတဲ့ နေ့ရက်တွေနဲ့ လုံးဝ မတူတာတော့ အမှန်ပဲ။ ကျွန်တော်လည်း

တစ်ခုခုကို ပြောင်းလဲနေတယ်လို့ ကောင်းကောင်းခံစားမိတယ်။ ကျွန်တော် စဉ်းစားမိတဲ့ အတွေးတွေကတော့ အများကြီးပါပဲ။ ကျွန်တော်တို့ လာဂရန် ဂျီမှာ နေကြမယ်။ ဒီဒေသမှာပဲ ကျွန်တော့်မိဘတွေလို ဆေးရွက်ကြီး စိုက်တဲ့ သီးစား ဘဝလေးတွေနဲ့ပဲ စိုက်ပျိုးရေး လုပ်နေရမယ်။ တစ်ချိန်ချိန်မှာ ဘိုင် ဒန်ကို လာသတ်သလိုပဲ ကျွန်တော်တို့ကို လာမသတ်ဘူးလို့ ဘယ်သူပြော နိုင်မှာလဲ။ ဘိုင်ဒန် ဖြစ်ရပ်ကြီးက ကျွန်တော့် တိုးတက်မှုဖြစ်စဉ်ကိုပါ ရှေ့ပြေးအနေနဲ့ အကျိုးသက်ရောက်မှုလို ဖြစ်နေပါတယ်။ သူ့နာရေးမှာ ကျွန်တော် သေချာသိလိုက်တာ တစ်ခုကတော့ ကျွန်တော် ဘိုင်ဒန်လို ထပ် အဖြစ်မခံနိုင်ဘူး။

ကျွန်တော့်မိသားစုတွေ အတွက်လည်း တကယ်ကို ကူသူမဲ့ ဖြစ်ရပ်ပါပဲ။ ကျွန်တော့်အစ်ကို ဝမ်းကွဲကို သတ်သွားကြတဲ့ အဖွဲ့က ကူကလပ် ကလန်ဆို တဲ့ အဖွဲ့ထဲက အဖွဲ့ဝင်တွေပါ။ သူတို့တွေက တောင်ပိုင်းမှာ လူမည်းတွေကို အုပ်စိုးကြတဲ့ သူတွေထဲကလည်း ဖြစ်နေပြန်ပါတယ်။ အဖေကတော့ ဖြစ်ဖြစ်ချင်း ရက်တွေက နယ်မြေရဲစခန်းကို သွားပြီး သူ့တူသေတဲ့ အကြောင်းကို သွားပြီး တိုင်ချက်ဖွင့်တယ်။ ဘယ်သူတွေ သတ်တယ်ဆိုတာ ပြောပြတယ်။ ဖမ်းပေးဖို့လည်း ဖိအားပေးခဲ့ပါတယ်။

ဒါပေမဲ့ ရဲက အဖေ့ကို ရုံးခန်းထဲက မောင်းထုတ်ပြီး ဒီအမှုကို ဆွေးနွေး တာ လက်မခံခဲ့ပါဘူး။

"ဒီမှာ နီဂရိုးကြီး၊ ခင်ဗျား အဖမ်းမခံချင်ရင် ဒီကထွက်သွား" လို့တောင် မောင်းထုတ်လိုက်ပါ သေးတယ်။

အဖေလည်း တော်တော်ကြီး စိတ်ပျက်ပြီး အိမ်ပြန်လာတယ်။ သူ့မိတ်ဆွေ တွေကို ပြန်ပြောပြတာ ကတော့ သူ့ကို ရဲတွေက ဘယ်လိုပုံမျိုး ဆိုးဆိုးရွားရွား ဆက်ဆံတဲ့အကြောင်းနဲ့ အဲဒီရဲကို သူ သွားပြီးတော့တောင် သတ်ပစ်

မယ်လို့တောင် ပြောလာပါတယ်။

အဲဒီစကားက ရဲဆီကို သတင်း ပြန်ရောက်သွားတယ် ထင်ပါတယ်။ တစ်ရက်မှာတော့ အဖေနဲ့ ပြဿနာတက်ခဲ့တဲ့ ရဲက ကျွန်တော်တို့အိမ်ကို ရောက်ချလာပါတော့တယ်။

"မင်း ဒီလိုတွေ လျှောက်ပြောလို့ ရမလား" လို့ ရဲက အဖေ့ကို ပြောပါတယ်။

"မင်းလုပ်နေတာကတော့ တကယ်အသုံးကျလို့လား"

ရဲက အဖေ့ကို လက်နဲ့ လှမ်းရိုက်ဖို့ ကြိုးစားပြီး နောက်မှာ အဖေနဲ့ရဲနဲ့ အကြီးအကျယ် သတ်ပုတ်ကြပါတော့တယ်။ ဖြစ်နေတာက ကျွန်တော်တို့ရဲ့ အိမ်ထဲမှာ။ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ အမေ့ကို တွယ်ကပ်ပြီးတော့ နေနေရပါတော့တယ်။

ရဲက အိမ်အပြင် ပြေးထွက်ပြီး ကားပေါ်က သူ့သေနတ်ကို သွားယူပါတယ်။ အဖေကလည်း သူ ပြန်မရောက်ခင်လေးပဲ သူရဲ့ ပြောင်းတိုသေနတ်ကို သွားယူပြီး ပြန်ချိန်ထားပါတယ်။ ကျွန်တော် ကောင်းကောင်း မှတ်မိနေတာကတော့ အဲဒီရဲက ဝဝဖိုင့်ဖိုင့်ထဲက မဟုတ်ဘူး။ ဘောင်းဘီအဖြူ ဝတ်ထားတယ်။ တစ်ချိန်တည်းမှာပဲ သေနတ်ကိုင်ထားတဲ့ အဖေက သူ့ကို စပစ်တော့တာပါပဲ။ သူ့ခြေထောက်ကို ထိသွားပုံပဲ။ ဘောင်းဘီအဖြူမှာ အနီရောင်သွေးတွေ စွန်းထွက်သွားတယ်။

ရဲလည်း ကားပေါ် အမြန်ပြေးတက်ပြီး မောင်းပြေးတော့တာပါပဲ။

ကဲ အခုတော့ ဘာပြောကောင်းမလဲ။ ကျွန်တော့်အဖေက ရဲကို သေနတ်နဲ့ ပစ်တဲ့ အမှုတစ်မှု ထပ်တိုးလာပြီ။ ဒီမှာ အေးအေးဆေးဆေး ထိုင်နေပြီး သူ့ကို လာဖမ်းမယ့်သူတွေ ရောက်လာတဲ့အထိ ထိုင်စောင့်နေလို့တော့ မဖြစ်

တော့ဘူးလေ။ ဖမ်းတာထက် လာသတ်ကြဖို့က ရာခိုင်နှုန်းပိုနေတယ်။ အဖေ့အနေနဲ့ တောအုပ်ထဲကနေ တစ်ဆင့် သူဝေးဝေး ပြေးနိုင်သမျှ ထွက်ပြေးဖို့ အစီအစဉ် ဆွဲရပြီ။

တစ်ပတ်အတွင်းမှာပဲ ကျွန်တော်တို့မိသားစုရဲ့ဘဝ လုံးဝပျက်စီး သွားခဲ့ပါပြီ။ ပထမဆုံး အစ်ကို အသတ်ခံတယ်။ အခုတော့ အဖေပါ သေပြေးရှင်ပြေး ပြေးရပြီ။ အလုပ်ကြိုးစားတဲ့ အမေနဲ့ အသက်ခြောက်နှစ်ပဲ ရှိသေးတဲ့ ကျွန်တော်ပဲ ဒီအိမ်ကြီးကို ဦးဆောင်ရတော့မယ်။

ကျွန်တော်တို့ မိသားစု စားဝတ်နေရေးကို ဘယ်လို ဖြေရှင်းကြမလဲ။ အမေကတော့ ဘယ်တော့မှ ထုတ်ပြောလေ့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော် သေချာပေါက် သိနေတာကတော့ ဒီမိသားစုရဲ့ စားဝတ်နေရေးကို ကျွန်တော်လည်း ဝိုင်းဖြေရှင်းရတော့မယ်လေ။

ငတ်မွတ်လာပြီဆိုရင် လူတစ်ယောက်က ခိုးဖို့ ဝန်မလေးတော့ဘူး ဆိုတဲ့ စကားကို ကျွန်တော် ကြားဖူးတယ်။ ကျွန်တော် ဒါကို တကယ် ယုံကြည်လာခဲ့တယ်။ တကယ်တော့ အသက်ခြောက်နှစ် အရွယ်မှာတင် ရာဇဝတ်သားဘဝ ရောက်မှန်းမသိ စရောက်ခဲ့တာပါ။ တကယ်ကို ရှင်းရှင်းပြောရရင် ကျွန်တော့်မိသားစု စားဖို့သောက်ဖို့အတွက် ကျွန်တော် သူခိုးလေးတစ်ယောက် စဖြစ်ခဲ့ပါပြီ။

အဲဒီကစပြီးတော့ ကျွန်တော်ဟာ အမေရိကန်နိုင်ငံ ဥပဒေရဲ့ တစ်ဖက်အခြမ်းမှာပဲ နေပြီးတော့ ဒုစရိုက်တွေ ကျူးလွန်ရင်းနဲ့ပဲ နာမည်ဆိုးနဲ့ ကျော်ကြားလာတဲ့ နာမည်ကြီး ရာဇဝတ် ဂိုဏ်းခေါင်းဆောင် တစ်ယောက် ဖြစ်လာတယ်ပဲ ဆိုပါတော့။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ အဖေက သူပုန်းနေတဲ့ နေရာက နေပြီးတော့ ကျွန်တော်တို့ဆီ ပြန်ရောက်လာခဲ့တယ်။

အိမ်ရှေ့တံခါးဝမှာ ရောက်နေတဲ့ အဖေ့ကို တွေ့လိုက်တော့ ကျွန်တော် လည်း အားရဝမ်းသာနဲ့ အော်ပြီး နှုတ်ဆက်လိုက်မိတယ်လေ။

"အဖေ ပြန်လာပြီလား"

"ရှူး တိတ်တိတ်နေပါ။ သားရယ်၊ မင်းအဖေကို မင်း ပြန်သတ်နေတာ လား၊ မင်းအော်တာနဲ့ပဲ လူတွေ သိကုန်တော့မယ်" လို့ အမေက ကျွန်တော့် ကို သတိပေးလိုက်မှပဲ ကျွန်တော်လည်း သတိ ပြန်လည်လာပါတော့တယ်။

"မင်းအဖေပြန်ရောက်နေတာ ဘယ်သူမှ သိမှာမဟုတ်ဘူး။ သားရဲ့"

အဖေက အိမ်ထဲကို တိတ်တိတ်လေး ဝင်လာတယ်။ ပြီးတော့ အမေ့ကို ဖက်ပြီး နှုတ်ဆက်လိုက်တယ်။ ပြီးတော့ လူမမည်အရွယ် ကျွန်တော့်ညီလေး ကိုလည်း သေချာဖက်ပြီး နှုတ်ဆက်ပြန်တယ်။ တောထဲကနေ ဖမ်းလာတဲ့ ရှဥ့်နဲ့ယုန်သားတွေ ပါလာပြီး ကျွန်တော့်မိသားစု ကင်စားဖို့ အဖေက အမေကို ပေးလိုက်တယ်။

"ရှင် အဆင်ပြေရဲ့လား။ အပြင်မှာ နေနေရတာ။"

"ဘယ်လိုလုပ်ပြေမှာလဲ၊ ဒါပေမဲ့ ပြေအောင်တော့ နေရတယ်လေ။"

"ရှင်ရယ် ဘယ်အချိန်မှပဲ အိမ်ကို ကောင်းကောင်းမွန်မွန် ပြန်လာ နိုင်ပါ့မ လဲနော်"

"ကိုယ်လည်း သေချာတော့ မသိသေးဘူး။ ကျိန်းသေတာတော့ ဟိုရဲတွေ ငါ့ကို လာမရှာတော့ဘူး ဆိုတာ သေချာသွားရင်တော့၊ ဖြစ်လာမှာပါကွာ" လို့ အဖေက ပြန်ပြောပါတယ်။

"ဒါက ဘယ်လိုလုပ် ဖြစ်လာမလဲ ရှင်လည်း သိတဲ့အတိုင်းလေ" လို့ ပြောပြောဆိုဆိုနဲ့ပဲ အမေလည်း ထိုင်ငိုပါလေရော။

"ငါတို့ အဆင်ပြေမှာပါကွာ" လို့ အဖေက အမေ့ကို ပြန်ပြီးတော့ နှစ်သိမ့်

ပေးပါတော့တယ်။

အဲဒီည ညစာက တကယ်ကို မျက်ရည်တွေနဲ့ ပြည့်နှက်နေတဲ့ ညစာလို့ပဲ ပြောရမယ်ဗျာ။ ယုန်သားကင်နဲ့ အသီးအရွက်လေးတွေနဲ့ ကျွန်တော်တို့ မိသားစု ညစာစားခဲ့ကြတယ်။ ပြီးတာနဲ့ အဖေလည်း သစ်တောထဲကို တစ်ခါ ပြန်ရတယ်။ ကျွန်တော် ငိုခဲ့တယ်။

အဖေက ဒီတစ်ခါတော့ တစ်လလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒီထက်လည်း ပို ကြာချင် ကြာလိမ့်မယ်လေ။ သူ့အနေနဲ့တော့ တော်တော်ကြာကြာ ပုန်းနေမှ ဖြစ်မယ်။ ဒီအပူမီးကြီး ငြိမ်းနိုင်တဲ့အထိပေါ့လေ။

အဖေမရှိတော့တဲ့ နောက်ပိုင်း အမေက ပိုလို့တောင် ပင်ပန်းခဲ့ပါတယ်။ ကျွန်တော်တို့ မီးလှုံဖို့အတွက် ထင်းတွေ သူကိုယ်တိုင် ခုတ်ရတယ်။ သားကောင်လိုက်တဲ့ အလုပ်တွေလည်း သူပဲ လုပ်ရသလို၊ ခြံစိုက်တဲ့အလုပ် တွေအပါအဝင် အရင်က အဖေအလုပ်ခဲ့တဲ့ အလုပ်တွေကို နှစ်ယောက်စာ တာဝန်ယူပြီးတော့ လုပ်ရတဲ့အနေအထား ဖြစ်လာခဲ့တယ်လေ။

ဒါတွေအပြင် အမေက ကျွန်တော့်ရဲ့ ဝေယျာဝစ္စနဲ့ ကျွန်တော့် ညီလေးကို လည်း ဂရုတစိုက် ကြည့်ပေးရသေးတယ်။ တကယ်တော့ ကျွန်တော် အ မေ့ကို တကယ် ကူညီပေးချင်ပေမဲ့ ခြောက်နှစ်ဆိုတဲ့ အသက်ကလည်း အ ကန့်အသတ် ဖြစ်နေသေးတာကိုး။

ကျွန်တော့်ရဲ့ စွန့်စားခန်း အစကတော့ အိမ်နဲ့ အနီးအနားမှာရှိတဲ့ မွေးမြူရေးလုပ်ငန်း လုပ်တဲ့ အိမ်တွေဆီက ကြက်တွေကို ခိုးတာကနေ စ တာပါပဲ။ တကယ်တော့ ကျွန်တော်က သဘာဝအားဖြင့် သူခိုးဖြစ်လာတဲ့ သူ တစ်ယောက်တော့ မဟုတ်ခဲ့ဘူးလေ။

ကျွန်တော်က ဘိုင်ဒန် မသေခင်အထိတော့ တကယ်ကို ဖြူစင်ပြီး ကောင်းမွန်ခဲ့တဲ့ ကလေး တစ်ယောက်ပါပဲ။ ဒါပေမဲ့ ဒီဖြစ်ရပ်တွေ ပြီးတဲ့

နောက်မှာတော့ ကျွန်တော့်ရဲ့ အတွင်းစိတ်က လုံးဝကို သေဆုံးသွားခဲ့ပါပြီ။ ဘိုင်ဒန်က သေသွားခဲ့ပြီ။ အဖေကလည်း ရဲတွေလိုက်လို့ ပုန်းနေရတဲ့ဘဝ။ ကျွန်တော်တို့ ဘဝကလည်း အသက်ရှင်ဖို့တောင် ရုန်းကန်နေရတဲ့ အခြေအနေ။

ကျွန်တော် အင်အားရှိသလောက်နဲ့တော့ အမေကို ကူညီပေးချင်တဲ့စိတ် အပြည့်အဝ ရှိပါတယ်။ ကျွန်တော်တို့နေရတဲ့ နေရာက စိုက်ခင်းတွေနဲ့ သိပ်မဝေးတဲ့နေရာမှာ နေကြရတယ်။ စိုက်ခင်းတွေ ရှိတဲ့နေရာကို တစ်မိုင်ချင်းစီ ကျွန်တော် လမ်းလျှောက်သွားခဲ့တယ်။ ကျွန်တော် ကြက်တွေ ခိုးတယ်၊ ကြက်ဥတွေခိုးတယ်။ နောက်ဆိတ်တွေပါ ခိုးဖို့ ကျွန်တော် ကြိုးစားခဲ့တယ်။ ဝက်တစ်ကောင်တောင် ခိုးလာပြီးတော့ အမေ့ဆီရောက်အောင် ကျွန်တော် သယ်လာပေးနိုင် ခဲ့တယ်ဗျာ။

"ဒီအစားအသောက်တွေ ဘယ်ကရလာလဲ" လို့ အမေကလည်း ကျွန်တော့်ကို မမေးသလို ကျွန်တော်ကလည်း အမေ့ကို ပြောပြဖို့ စိတ်ကူးတောင် မရှိဘူးလေ။ အမေရော၊ ကျွန်တော်ရော ကောင်းကောင်း နားလည်ထားတာ တစ်ခုကတော့ ကျွန်တော်တို့ ဘယ်အခြေအနေမှာ ဘာဖြစ်နေကြလဲ ဆိုတာ သဘောပေါက်ကြတယ်။ သူ့အနေနဲ့လည်း ကျွန်တော့် အကူအညီ လိုအပ်ပါတယ်။ ကျွန်တော့်မိသားစု စားကြတယ်။ နေထိုင်ကြတယ်။ ဒီဘဝလေးနဲ့ပဲ ကျေနပ်နေရတယ်။

အသက်ကိုးနှစ် ရောက်လာတဲ့အချိန်မှာ ကျွန်တော် ဓားပြတိုက်တတ် လာပြီလေ။ ကျွန်တော်တို့နေတဲ့ လာဂရန်ဂျီမှာပဲ၊ အဲဒီနေရာက မြောက်ကယ်ရိုလိုင်းနား ပြည်နယ်ထဲမှာ ရှိတယ်။ အဲဒီက သိုလှောင်ရုံတစ်ခုကို ကျွန်တော် ဝင်ပြီး လုယက်ခဲ့တယ်လို့ ပြောရမယ်။ အဲဒီမှာရှိတဲ့ သူတွေက အရက်သောက်ပြီး မူးရူးနေကြတုန်း ကျွန်တော် သူတို့ခေါင်းကို အုတ်ခဲတစ်လုံးနဲ့

ထုတယ်။ ပြီးတော့ သူတို့ပိုက်ဆံတွေ အကုန်မပြီး ထွက်ပြေးလာခဲ့တယ်။ အရမ်းကို လွယ်တယ်လို့ ခံစားရတယ်ဗျာ။

ပထမဆုံးအကြိမ် ကျွန်တော် ဆယ်ဒေါ်လာရခဲ့တယ်။ အဲဒီအချိန်က ဒီပိုက်ဆံ အရေအတွက်က တော်တော်များတာပဲဗျို့ ကျွန်တော်တို့ မိသားစု ဒီပိုက်ဆံနဲ့ပဲ တစ်လလောက် ကောင်းကောင်း စားသောက် နေထိုင်နိုင်ခဲ့ကြတယ်။

တကယ်တော့ ကျွန်တော်က ဘာကိုမှ သတိမထားနိုင်ဘဲ ခိုးနေရတဲ့ သူခိုးတစ်ယောက်လို့ ပြောရမယ်။ လောဘအတွက် ခိုးနေတာမျိုး မဟုတ်ဘဲ ရှင်သန်နေထိုင် ရပ်တည်ရေးအတွက်ပဲ သူခိုးလုပ်နေရတဲ့သူ တစ်ယောက်ပေါ့ဗျာ။

ဆင်ခြေမရှိဘဲ ဒီအလုပ်တွေကို စလုပ်ခဲ့ရတယ်။ အစောပိုင်းမှာတော့ ကျွန်တော် ဒီဘဝကို လက်ခံဖို့ တော်တော်ခက်ပါတယ်။ ဒါပေမဲ့ နည်းလမ်းမှ မရှိပဲလေ။ ကျွန်တော် ကျိန်းသေပြောနိုင်တာ တစ်ခုကတော့ ကျွန်တော့်အစ်ကိုကို ကလန်တွေ သတ်ခဲ့တဲ့အချက်က ကျွန်တော့်ကို ဒီဘဝရှိရာကို မရောက်ရောက်အောင် ပို့လိုက်တယ်ဆိုတာ လုံးဝ အသေအချာပဲ။

ကျန်ရှိတဲ့ မိသားစု နှစ်ယောက်အတွက် ဆယ်ကျော်သက်သာသာ ကလေးတစ်ယောက်က ကောင်းကောင်း လုံလောက်စေခဲ့တယ်ဆို ယုံမလားမသိဘူး။ မြို့ထဲမှာရှိတဲ့ စတိုးဆိုင်တစ်ခုကို ကျွန်တော် ဖောက်ထွင်းနိုင်ခဲ့တယ်။ အဲဒီကနေ ဒေါ်လာလေးရာ ကျွန်တော် ရလာခဲ့တယ်။ အဲဒီ ပိုက်ဆံလေး ရလာတာကို ဘယ်လိုတောင် ခံစားမိလဲဆိုတော့ တစ်ကမ္ဘာလုံးက ဒေါ်လာသန်းပေါင်းများစွာများ ရလာသလားလို့တောင် ကျွန်တော် ခံစားမိတယ်ဗျာ။ တကယ်ကို ရာဇဝတ်မှုကြီး ကျူးလွန်ချလိုက်တာပဲ။ ဒီလိုလုပ်ခဲ့တာ ကျွန်တော်ပါပဲဆိုပြီး သူတို့ဖော်ထုတ်ပြီး လာဖမ်းတဲ့အထိတော့ စောင့်နေလို့

မဖြစ်ဘူး၊ ဒီမြို့ကိုထားပြီး လစ်ဖို့ ကျွန်တော်စပြီး ပြန်ဆင်ရပြီပေါ့ဗျာ။

မြောက်ကယ်ရိုလိုင်းနားမှာ ရှိတဲ့ ဝီလ်ဆင်မြို့ကို ကျွန်တော် ထွက်လာခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်ရဲ့အဒေါ် ရှိတယ်။ အဲဒီမှာ နေနေပြီးတော့မှ နောက်တစ်ဆင့် ကျွန်တော် ဘာလုပ်ရမယ် ဆိုတာကို စဉ်းစားဖို့ ပြင်ဆင်ထားခဲ့တယ်။

ဘလူးဂရစ်ပြည်နယ်မှာ ရှိတဲ့ ကင်တာကီမြို့ကို ကျွန်တော် သွားသင့်တယ်လို့ ထင်တယ်။ အခြားသူတွေ ပြောတာကလည်း အဲဒီမှာ နေရာကျနိုင်တဲ့ အလားအလာတွေ ရှိတယ်ဆိုတာလည်း ကျွန်တော် ကြားထားတယ်လေ။ စတိုးဆိုင်ဖောက်ထွင်းလို့ ရလာတဲ့ငွေထဲက နှစ်ရာကို အမေ့ကို ပေးခဲ့ပြီးတော့ ကင်တာကီကို ဆက်သွယ်ဖို့ ကျွန်တော် ကားလက်မှတ်ဝယ် လိုက်ပြီလေ။

တစ်ခုသိထားဖို့က အဲဒီအချိန်တုန်းက ကျွန်တော် အသက်ဆယ့်သုံးနှစ် မရှိတရှိလေးပဲ။ ဒါပေမဲ့ ကျွန်တော့်ဘဝ၊ ကျွန်တော့်ရှင်သန်နေထိုင် ရပ်တည်ရေးအတွက် ကိုယ့်ရဲ့ စွမ်းဆောင်ရည်ကို အကောင်းဆုံး အမှီသဟဲပြုရတယ်။ ပြောရရင်တော့ဗျာ ကိုယ့်လမ်းကိုယ် ဖောက်ရတယ်လို့ပဲ ဆိုရမှာပဲ။

ကင်တာကီကို သွားတဲ့ ဘတ်စကားပေါ်မှာပေါ့၊ တန်နာဆီပြည်နယ်ရဲ့ နော့ဗယ်လီမြို့မှာ ကားခဏရပ်တယ်။ တစ်နာရီလောက်ရပ်မယ့် အခြေအနေရှိလို့ ကျွန်တော်လည်း လမ်းထွက် လျှောက်လိုက်တယ်။ ကားရပ်ထားတဲ့နေရာရဲ့ ခပ်လှမ်းလှမ်း တစ်နေရာမှာ စက်ရုံအဟောင်းကြီး တစ်ခုရှိတယ်။ အဲဒီနားမှာ လူအုပ်စုတစ်စုက အန်စာခေါက်တမ်း ကစားနေကြတာကို တွေ့လိုက်ရတယ်။ ကျွန်တော်လည်း အဲဒီနားကို တစ်ချက်သွားပြီး အကဲခတ်လိုက်တယ်။ ဒီနေရာက ကျွန်တော့်အတွက်တော့ ငွေရလာနိုင်ခြေရှိတဲ့ လမ်းတစ်လမ်း ဖြစ်လာနိုင်တယ် ဆိုပြီးတော့လေ။ မြောက်ကယ်ရို

လိုင်းနားမှာ နေတုန်း အန်စာခေါက်တာ ကျွန်တော် တော်တော်ကျွမ်းတယ်လို့ ပြောရမယ်။ အရက်မူးပြီး ကျွန်တော် အုတ်ခဲနဲ့ထုခဲ့တဲ့ လူတွေရှိခဲ့တဲ့ ဂိုဒေါင်ပျက်ကြီးထဲမှာ  အန်စာခေါက်တာကို သူတို့ဆီက သေချာ သင်ယူနိုင်ခဲ့တယ်လေ။

အန်စာခေါက်တဲ့ ဂိမ်းက တကယ်တော့ အခွင့်အလမ်းရှာတဲ့ ကစားနည်းတစ်ခုပဲဗျ။ ခင်ဗျားအနေနဲ့ နှစ်ခုပဲရှိတယ် အပူလား အအေးလားပဲ၊ မကြာမကြာ ကျွန်တော်ကတော့ အပူစုံလိုက် အပူးကြလေ့ရှိတာပဲ။

အရင်ဆုံး ကျွန်တော် အကဲခတ်လိုက်တာက ဒီလူတွေဆီက ငွေဘယ်လောက်ရှိလဲ တစ်ချက် ကြည့်လိုက်တယ်လေ။

"မင်း ဒီပွဲမှာ ပါမလို့လား" လို့ ဆော့နေတဲ့ သူထဲက တစ်ယောက်က ကျွန်တော့်ကို လှမ်းမေးလာတယ်။ သူ့ကို ကြည့်ရတာတော့ ကျွန်တော့်ထက် အသက်နည်းနည်းပဲ ကြီးမယ့်ပုံပါ။ အရပ်တော့ နည်းနည်း ရှည်တယ်။ သိပ်တော့လည်း ရှည်တယ် မဟုတ်လှပါဘူး။

"ဘာကြေးခေါက်တာလဲဗျ"

"ပိုက်ဆံကြေးပေါ့ ငါ့ကောင်ရ"

၁၉၄၃ လောက်က ဒေါ်လာတန်ဖိုးက တော်တော်ရှိတယ်။ တစ်ဒေါ်လာဆိုရင်ပဲ တော်တော် များနေပြီလေ။ ကျွန်တော် သဘောပေါက်လိုက်တယ်။ ဒီကလေးတွေ ဒေါ်လာကြေး အန်စာ ခေါက်နိုင်တယ် ဆိုတဲ့ ငွေရပေါက်ရလမ်း တစ်နေရာကနေ ရှိနေပြီဆိုတာ သဘောပေါက် လိုက်တယ်လေ။ ကျွန်တော့်လိုမျိုး တစ်နေရာရာက ဓားပြတိုက် ဖောက်ထွက်လာ သလိုပေါ့ဗျာ။

ပြဿနာတော့ သိပ်မရှိပါဘူး။ ကျွန်တော်လည်း နည်းနည်းတော့ ဝင်

ကစားလိုက်ပါတယ်။ သူက ကျွန်တော့်ကိုခေါက်ဖို့ အန်စာတုံး ပေးလာတယ်။ ကျွန်တော်လည်း သေချာလေး ပြင်ဆင်ပြီး ခေါက်လိုက်တယ်။ ကံက ကျွန်တော့်ဘက်မှာ ရှိနေလို့ထင်တယ် ကျွန်တော် နိုင်သွားတယ် အဲဒီပွဲမှာ။

"အဓိပ္ပာယ်မရှိတာကွာ" လို့ တစ်ယောက်က ရေရွတ်လိုက်တယ်။ သူ့အတွက်တော့ တစ်ဒေါ်လာ ပါသွားပြီလေ။ အောက်ကိုငုံ့ပြီး နောက်ထပ်တစ်ဒေါ်လာကို သူ ထပ်ထုတ်လိုက်တယ် ဆက်ကစားမယ်ပေ့ါ။ ပြိုင်ပွဲအရှိန်ကလည်း ပိုလို့တောင် တက်လာတယ်။ ကျွန်တော်တို့အားလုံး မြေပေါ်မှာ ပုံ့ပုံ့လေးတွေ ထိုင်ပြီး ဂိမ်းထဲကို ရေရေလည်လည် အာရုံ ရောက်နေကြတာပေ့ါဗျာ။

"နီဂရိုးကလေးရေ မင်းတော်တော် ကံပါနေပါလားဟ" လို့ အရပ်ရှည်ရှည်နဲ့ တစ်ယောက်က ကျွန်တော့်ကို လှမ်းပြောလာတယ်။

"မင်းဆန္ဒအတိုင်းပဲလေ" လို့ ခပ်ပြုံးပြုံး ပြန်ပြောပြီး နောက်တစ်ကြိမ်ထပ်ခေါက်လိုက်တယ်။

ကျွန်တော် ထပ်နိုင်သွားပြန်တယ်ဗျာ။ အရပ်ရှည်ရှည်နဲ့ ကောင်လေးက စုတ်တစ်ချက် သပ်လိုက်ပြီး

"အရေး တော်တော် မပါတာပါကွာ"

"ငါ သွားရတော့မယ် ကိုယ်လူတို့ရေ ငါ့ကား ထွက်သွားဦး မယ်"လို့ ပြောပြီး ကျွန်တော်လည်း ကားဆီသွားဖို့ ပြင်ဆင်ပါတော့တယ်။

"နီဂရိုးရေ ငါတို့ ပိုက်ဆံတွေယူပြီး မင်းဒီလို ထွက်သွားလို့တော့ မရဘူးလေကွာ" လို့ အရပ်ရှည်ရှည်နဲ့ကောင်က ထပြောလာတယ်။

သူနောက်ထပ် စကားတစ်လုံးမှ ထပ်မထွက်လာခင် ကျွန်တော်လည်း သူ့မျက်နှာကို ပြင်းနိုင်သမျှ ပြင်းပြင်း လက်သီးနဲ့ တည်ထိုးချလိုက်တော့တယ်။

ထပ်ပြောဖို့လည်း ဘာမှ မလိုတော့ဘူးလေ။ ကျွန်တော် မစရင် သူက ကျွန်တော့်ကို စချတော့မှာကို သိတယ်။ ဒါကြောင့် အရင် လက်ဦးမှုရယူတဲ့ အနေနဲ့ စထိုးလိုက်တာပါ။

ဒါပေမဲ့လည်း သူတို့ဘက်က လူများတယ်လေ။ ကျန်တဲ့ သုံးယောက်ကလည်း ချက်ချင်းပဲ သူ့ဘက်ကနေ ထပြီး တုံ့ပြန်လာတယ်။ တစ်ယောက်က ကျွန်တော့် နောက်ဘက်ကို ခုန်ထွက်လိုက်တယ်။ စပြီးတော့ လုံးထွေးသတ်ပုတ်ကြတော့တာ ပဲဗျာ။ ကျွန်တော်လည်း ပြန်ပြီးတော့ မတ်တတ်ရပ်ဖို့ ကြိုးစားတယ်။ လူများတော့ တော်တော်မလွယ်တာပါ။ သူတို့ထဲက တစ်ယောက်ကပဲ နောက်ကနေ ကျွန်တော့်ကို ထိုးတယ်။ ကျွန်တော် ရုတ်တရက်နောက်ပြန် လှည့်ပြီး ထိုးဖို့အလုပ်မှာပဲ ကမ္ဘာတစ်ခုလုံး အမှောင်ကျသလိုဖြစ်သွားတယ်ဗျာ။

ကျွန်တော် ထင်တာတော့ နောက်ကနေ တစ်ခုခုနဲ့ ရိုက်ချလိုက်ပုံပဲဗျ။ ဘာဆိုဘာမှ မသိတော့တာဗျာ။ မျက်လုံးအပေါ် နားတစ်ဝိုက်မှာလည်း သွေးစေးတွေ ကပ်နေတာကို ကျွန်တော် စမ်းမိလိုက်တယ်။ နောက်ဆုံးမှာ ကျွန်တော် ဖြည်းဖြည်းချင်း ကြိုးစားပြီးထတယ်။ ဒါပေမဲ့ လူက ဒရွတ်တိုက်ပဲ ပါလာနိုင်သေးတယ်။

လုံးဝကို ညစ်ပတ်စုတ်ပြတ် သွားတယ်။ ဗိုက်တွေလည်း အရမ်းဆာလာတယ်။ ချမ်းကလည်း တော်တော် ချမ်းတာဗျာ။ ပြီးတော့ ကျွန်တော် ဓားပြတိုက်ထားတဲ့ ပိုက်ဆံတွေ အကုန်လုံးလည်း လစ်သွားပြီ။ ဒါတင် ဘယ်ဟုတ်မလဲ ကင်တာကီကို သွားမယ့်ကားကလည်း လုံးဝ ထွက်ခွာသွားပြီပေါ့ဗျာ။ ကျွန်တော် နေရာအသစ်တစ်ခုမှာ လုံးဝသွားပြီဆိုတဲ့ အသိဖြစ်သွားတယ်။

မြို့ထဲက စတိုးဆိုင်တစ်ခုကို ကျွန်တော် သွားလိုက်တယ်။ အဲဒီမှာ တံခါး

လေးက ဟနေတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း ကိတ်မုန့်ရယ်၊ ချိစ်ရယ်၊ ပက်ပစီရယ် ဝင်ပြီး ခိုးလိုက်တယ်လေ။ ခပ်လှမ်းလှမ်းမှာ ကျွန်တော်ထိုင်ပြီး မုန့်ကို တစ်ကိုက် ကိုက်စားလိုက်တယ်။ ဒါပေမဲ့လည်း ကျွန်တော့်မေးရိုးက တော်တော်လေးကို နာနေတာဗျာ။ အသက်ကို မှန်မှန်ရှူဖို့ ကျွန်တော်ကြိုးစားတယ်။ ရှိသမျှအားတွေကို ကျွန်တော် စုစည်းကြည့်တယ်။ ပြီးတော့ စပြီးစဉ်းစားတယ် ဒီမြို့ကနေ ဘယ်လို လွတ်အောင်ထွက်ရမလဲ ဆိုတာကလည်း တွေးကြည့်မိတယ်။

"မင်းရဲ့လက်ကို ငါ မြင်သာတဲ့ နေရာအထိ မြှောက်ထားလိုက်စမ်း" လို့ တစ်စုံတစ်ယောက်က ပြောလိုက်တဲ့ အသံကို ကျွန်တော် ကြားလိုက်မိတယ်။

သေရောဗျာ။ ရဲတစ်ယောက် ကျွန်တော့်ဆီကို လျှောက်ပြီး လာနေလေရဲ့။

ကျွန်တော် တော်တော်လေး သွေးပျက်ပြီး ရုတ်တရက် အေးခဲသွားသလို ဖြစ်သွားတယ်။

"ဆရာ ကျွန်တော် ခုနက ကျွန်တော် တိုက်ခိုက်ခံထားရတာပါ"

"နီဂါ မင်းရဲ့ ပါးစပ်လေးကို ပိတ်ထားလိုက်စမ်းကွာ"

အရာရှိဆီက ထွက်လာတဲ့ အသံတစ်သံ ကြားလိုက်ရတယ်။ အဲဒီအသံက သေနတ် မောင်းတင်လိုက်တဲ့ "ကလစ်" ဆိုတဲ့အသံ။

"မတ်တတ်ရပ်လိုက်"

ကျွန်တော်လည်း သက်ပြင်းတစ်ချက် ချလိုက်ပြီး။ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ပြီး ထရပ်လိုက်တယ်။

"မင်း လာစနီက စတိုးဆိုင်တစ်ဆိုင်ကို ဖောက်ထွင်းခဲ့တယ်။ အဲဒီလူငယ်တစ်ယောက် ကင်တာကီကို သွားတဲ့ ကားပေါ်မှာ ပါသွားတယ်လို့ ငါ

သတင်းရထားပြီးသား"

"ကျွန်တော် ဘယ်ကိုမှ ဖောက်ထွင်းမှု မလုပ်ခဲ့ပါဘူး"

ကျွန်တော့်ရဲ့အနားကို ဖြည်းဖြည်းချင်း ကပ်လာပြီးတော့ ဖမ်းလိုက်ပြီး မင်းပါးစပ်ကိုသာ ပိတ်ထားစမ်းပါကွာလို့ သွားတွေကို တင်းတင်းစေ့ပြီး ကျွန်တော့်ကို ပြောလာပါတော့တယ်။

ကျွန်တော့်ကို ခုနက ပစ္စည်းဝင်ခိုးတဲ့ စတိုးဆိုင်နဲ့ သိပ်မဝေးတဲ့ နေရာမှာ ရှိတဲ့ မြို့ထဲက အချုပ်ခန်းထဲမှာ ဒီတစ်ည ချုပ်ထားလိုက်ပါတော့တယ်။ နောက်တစ်နေ့မနက် တရားသူကြီးနဲ့ မတွေ့ခင်အထိ ကျွန်တော် အချုပ်ထဲမှာ တစ်ညလုံး ကုန်ဆုံးရပါတော့တယ်။

တရားသူကြီးနဲ့ တွေ့တဲ့အချိန်မှာတော့ လမ်းပေါ်မှာ ဖျားနေတဲ့ ခွေးတစ်ကောင်လိုပါပဲ။ သူက စကားပြောကလည်း ဘာမြန်သလဲ မပြောနဲ့ ဘာတွေပြောလိုက်မှန်းကို တစ်လုံးမှ မကြားလိုက်ဘူး။ ကျွန်တော့်မှာ ရှေ့နေလည်း မရှိဘူး။ ကျွန်တော့်မှာ အပြစ်ရှိလား အပြစ်မဲ့လားလည်း တစ်ယောက်မှ မေးမဲ့သူလည်း မရှိခဲ့ပါဘူး။ ကျွန်တော့်ကို တရားဝင်အမိန့်နဲ့ ဘယ်လောက် အပြစ်ဒဏ် ချလိုက်မှန်းတောင် ကျွန်တော် မသိလိုက်ပါဘူး။

တရားသူကြီးက တစ်ခုခု ပြောနေတယ်ဆိုတာတော့ သိနေပါတယ်။ နောက်ထပ် ငါးမိနစ် ကြာတဲ့အခါမှာတော့ သူတစ်ခု ပြောလိုက်တယ်။

"သူ့ကို ဂျွန်တို့ဂိုဏ်းထဲ ခေါ်သွားချေ" အဲဒီနောက်မှာတော့ စားပွဲပေါ်က တရားသူကြီးတွေ သုံးတဲ့တူကို ဒုန်းခနဲထုပြီး အဆုံးသတ် လိုက်ပါတော့တယ်။ အဲဒီနောက်မှာတော့ တရားရုံး အခန်းထဲကနေ တစ်စုံတစ်ယောက်က လက်ထိတ်တန်းလန်းနဲ့ အပြင်ဘက်ကို ကျွန်တော့်ကို ခေါ်ထုတ်လာခဲ့ကြပါတယ်။

နောက်ထပ် သတိရတာတစ်ခုက ကျွန်တော့်ကို ဖုန်ထနေတဲ့ လမ်းတစ်ခုပေါ်ကို ခေါ်သွားနေကြတယ် ဆိုတာပဲ။ လူဖြူတစ်ယောက်က မြင်းပေါ်မှာ ထိုင်နေတယ်။ အဲဒီလူက ဝဝဖိုင့်ဖိုင့် မျက်နှာက ဖြူလွန်းလို့ ပန်းရောင်ထွက်နေသလိုပဲ။ ပါးစပ်ကလည်း ဆေးရွက်ကြီးတွေ ဝါးလိုက် တပျစ်ပျစ်နဲ့ ထွေးလိုက်နဲ့ လုပ်နေသေးတယ်။ မေးစေ့မှာလည်း အဲဒီအရည်တွေ စီးကျနေသေးတယ်။

"ဒီလူတွေ အားလုံးက ခင်ဗျားအတွက်ပဲ" ကျွန်တော့်ကို ဝယ်လာဟန်ရှိတဲ့ သူက သူ့ကို ပြောလိုက်ပါတယ်။

မြင်းပေါ်က လူက ထရယ်ပြီးတော့

"သေလိုက်ပါလားကွာ၊ ဒီလူနဲ့ ငါက ဘာလုပ်ရမှာလဲဟ"

ကျွန်တော်ကို ခေါ်လာတဲ့သူက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး။

"ဒါတော့ မသိဘူး တရားသူကြီးက မင်းဆီ ပို့ခိုင်းလိုက်တာပဲဟေ့ မင်း လုပ်ချင်တာသာ လုပ်ပေတော့"

ပတ်ဝန်းကျင်ကို ကျွန်တော် ပတ်လည် ကြည့်လိုက်တော့ လူမည်း နှစ်ဒါဇင်လောက်ကို သူတို့ ခြေထောက်တွေမှာ သံကြိုးတွေခတ်လျက် တွေ့လိုက်ရတယ်။ သူတို့က လမ်းတစ်ဖက်တစ်ချက်က ရေမြောင်းတစ်ခုကို တူးနေရတယ်။ သူတို့ထဲက တချို့က ကျွန်တော့်ကို လှည့်ကြည့်လိုက်ပြီးတော့၊ ဆက်လုပ်ဖို့ရှိတဲ့ မြောင်းတူးတဲ့အလုပ်ကို တူးရှင်းတွေနဲ့ အားစိုက်ပြီး ဆက်တူးနေကြတယ်။

ကျွန်တော့်ကို လာပို့တဲ့သူက ထွက်သွားပြီး ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး။ နောက်ထပ် လူတစ်ယောက် ရောက်လာပြီးတော့ ကျွန်တော့်ရဲ့ ခြေချင်းဝတ်ကို သံကြိုးခတ်လိုက်ပြီး အခြားလူတွေနဲ့ပါ ချိတ် လိုက်တယ်။

အဲဒီနောက်မှာတော့...

"ဒီမှာ တူးရှင်း တူးပေတော့"

ကောင်းကင်ကို တစ်ချက် မော့ကြည့်လိုက်တော့ ပူလိုက်တဲ့ အပူရှိန်ဗျာ၊ မျက်လုံးထဲမှာ လှိုင်းတွေ ထနေတာပဲ မြင်ရတယ်။ အပူချိန်က ကိုးဆယ် လောက် ရှိမလားပဲ။ လူအားလုံး ခေါင်းပေါ်က ချွေးတွေက တောက်တောက် ကျနေကြတယ်။ အလုပ်လုပ်နေကြတဲ့ လူမည်းတွေတင် ဘယ်ဟုတ်မလဲ၊ ခုနက မြင်းပေါ်မှာထိုင်ပြီး ဘာအလုပ်မှ လုပ်မနေတဲ့ ဟိုပုဂ္ဂိုလ်လည်း ချွေး တွေကို ရွှဲစိုနေတာပဲ။

ဒီအဖွဲ့ထဲမှာရှိနေတဲ့ အသက်ကြီးကြီး လူမည်းတစ်ယောက်ကတော့ အခြားလူတွေကို သံကြိုးနဲ့ ခတ်ထားတာ မခံရဘူး။ အဲဒီလူက ရေ ခြင်းတောင်းကြီး ကိုင်ပြီး အလုပ်လုပ်နေတဲ့ အကျဉ်းသားတွေကို နည်းနည်း စီ သောက်လို့ရအောင် ရေတွေ လိုက်ပေးတယ်။ ခဏနေတော့ ကျွန်တော့် နား ရောက်လာတယ်လေ။ ကျွန်တော့်ကို ရေသောက်မလားလို့ လာမေး တယ်။

"နာမည် ဘယ်လိုခေါ်လဲ ကောင်လေး" သူက တိုးတိုးလေး မေးလာတယ်။

"ဖရန့်လူးကပ်စ်ပါ" လို့ ကျွန်တော်လည်း ပြန်ဖြေရင်း မြင်းပေါ်မှာ ထိုင်နေ တဲ့ ဟိုဘိုးတော် ကိုလည်း မျက်လုံးနဲ့ တစ်ချက် လှမ်းကြည့်လိုက်ရ သေး တယ်။

"ဖရန့်ကောင်လေး မင်း ဒီကနေ မြန်မြန် ထွက်သွားသင့်တယ်လို့ ငါ ထင် တယ်ကွာ"

"မင်းဒီမှာ စိတ်ပျက်စရာ ကောင်းလောက်အောင် အကြာကြီး နေရလိမ့် မယ် မဟုတ်ရင်"

"ဂျင်မီ ရိဒ်တဲ့ ငါ့နာမည်က"

"ဒီမှာက ဘယ်သူ့ ဘယ်သူမှ စကားပြောခွင့် မရှိရဘူး ကက်ပတိန် ချာလီက လွဲပြီးတော့"

"ငါ အစောကြီး ကတည်းက မင်းကို တွေ့လိုက်တယ်။ မင်းမြန်မြန် ထွက်နိုင်ဖို့လိုတယ်။ မဟုတ်ရင် ဒီရေမြောင်းထဲမှာပဲ မင်း သင်္ဂြိုဟ်ခံချင်လည်း ခံရနိုင်တယ်"

စိတ်ထဲမှာ တကယ်ကို ခံစားနေရတာကတော့ တရားသူကြီးက ကျွန်တော့်ကို ထောင်ဘယ်လောက် ချလိုက်မှန်းလည်းမသိ၊ ဒီတော့ ဂျင်မီပြောတဲ့ အစီအစဉ်က ရုတ်တရက် ကျွန်တော့် အတွက်တော့ ကောင်းသလိုလို ခံစားလာမိတယ်။ အကယ်လို့ ကျွန်တော် မလွတ်မြောက်နိုင်ဘူး ဆိုရင် ဒီမှာ တစ်သက်လုံး နေချင်လည်း နေသွားရမဲ့ အနေအထားလည်း ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ မကျိန်းသေတာကတော့ ဒီက လွတ်မြောက်ဖို့ ဘယ်လို ဖြစ်နိုင်မလဲပေါ့။

အဲဒီညမှာပဲ ကျွန်တော်သူနဲ့ ဆက်ပြီး စကားပြောဖြစ်တယ်။ အကျဉ်းသားတွေ အားလုံး နေရတဲ့ ခန်းမကျယ်ကြီးထဲမှာ။

"မင်းဘယ်လို ထွက်ရမလဲဆိုတာတော့ မင်း မသိနိုင်ဘူးပေါ့၊ ဒါပေမဲ့ ငါ ကူညီပေးနိုင်တယ်" လို့ ဂျင်မီက ကျွန်တော့်ကို ပြောလာပါတယ်။

"ဘယ်လိုဖြစ်လို့ ကျွန်တော်ကိုမှ ရွေးပြီး ကူညီချင်ရတာလဲဗျ"

"ကောင်လေး မင်း အသက်ကလေးက ဆယ့်သုံးနှစ်တောင် မပြည့်သေးဘူးလေ။ ဒီနေရာက မင်းရှိနေရမယ့် နေရာတစ်ခုမှ မဟုတ်တာကွာ၊ မင်းထွက်ကို ထွက်သွားသင့်တယ်လေ မဟုတ်ဘူးလား"

ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ် ကြည့်လိုက်တော့လည်း ချိန်းကြိုး

ခတ်ခံထားရတဲ့ လူတွေ မြောက်မြားစွာ။

"မင်း သူတို့အတွက် ပူနေဖို့ မလိုဘူးကောင်လေး၊ ပူရမှာက မင်းအတွက် မင်းပူ၊ နက်ဖြန် တစ်ချက် အာရုံစိုက်ထားကွာ တစ်ခုခုကြုံရအောင်"

သံကြိုးခတ် ခံထားရတဲ့ သူတွေကို လူဖြူတွေက စောင့်ကြည့်လေ့ရှိတယ်။ အဲဒီလူဖြူတွေ အားလုံးကို ကျွန်တော်တို့က ကက်ပတိန် ချာလီလို့ပဲ ခေါ်ရတယ်။ ကျွန်တော်တို့ရဲ့ ခြေချင်းဝတ် တွေကို သံကြိုးအထူကြီးတွေ ခတ်ထားတာပဲဗျ။ ခိုင်းတဲ့အလုပ်ကတော့ ရေမြောင်းတွေ တူးတဲ့ အလုပ်ပဲလုပ်ရတယ်။

ရက်တွေ နည်းနည်း ကုန်လွန်လာခဲ့တယ်။ ကျွန်တော်လည်း မြောင်းတူးတဲ့ အလုပ်ပဲ လုပ်နေရတယ်။ တစ်ရက်မှာတော့ ဂျင်မီက ကျွန်တော့်ကို တစ်ချက် လာတို့လိုက်တယ်။ သူပြချင်တဲ့နေရာကို ကျွန်တော် လှမ်းကြည့်လိုက်တော့ မြင်းပေါ်က လူဖြူက သူ့ရဲ့ ရေဘူးထဲက ရေကို လူပ်လူပ်ကြည့်ပြီး သောက်နေတာကို မြင်တွေ့ရတယ်။

တစ်ရက်မှာတော့ ဂျင်မီက အလှည့်ကျ အရာရှိဆီကို သွားပြီး စကားပြောတယ်။

"ကျွန်တော်တို့အတွက် ရေခပ်ပေးတဲ့ အလုပ်ကို ဖရန့် ကူညီပေးနိုင်မယ်လို့ ထင်တယ်"

"အဲဒီကောင်လေးက အခြားလူတွေလိုပဲ ကျင်းတူးရတဲ့ အလုပ်ကို လုပ်ရတာမဟုတ်လား၊ ဒီအလုပ်လုပ်ဖို့ မင်းက အားနေတာပဲ မဟုတ်လား"လို့ အရာရှိက ပြန်မေးတယ်။

"သူ့ကို ပိုခိုင်းဖို့လိုမယ်ထင်လို့ပါ ဆရာ၊ ခပ်နာနာလေး ခိုင်းမှ တော်ကာကျမယ် မဟုတ်လား ဆရာရဲ့" လို့ ဂျင်မီ ပြောသံကို ကျွန်တော် ကြားလိုက်ပါ

တယ်။

အရာရှိအစောင့်က ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ ကျွန်တော်လည်း လုပ်နိုင်ပါတယ် ဆိုတဲ့ ပုံနဲ့ ပြန်ကြည့်ရတာပေါ့ဗျာ။ အဲဒီအချိန် ချောင်းတောင်မှ ထဆိုးမိသေးတယ်။

သူက သူ့ရေပုလင်းလေးကို လှမ်းယူပြီး လှုပ်ကြည့်လိုက်တယ်။ ပြီးတော့ မော့သောက်လိုက် သေးတယ်။ ခဏနေတော့ သူ့အတွက် အလုပ် လုပ်ပေးနေတဲ့ သူတစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။

"ဂါဒ်ဝင်ရေ ကောင်လေးကို ခဏ ကြိုးဖြုတ်ပေးလိုက် ကွာတဲ့"

ချက်ချင်းပဲ လူတစ်ယောက် ရောက်လာပြီး သံကွင်းကြီးကို ဖြုတ်ပေးတယ်။ ဒါကြီး ခတ်ထားလို့ ကျွန်တော် ခြေချင်းဝတ်တွေ တော်တော်နာ နေတာဗျို့ ကျွန်တော်လည်း ခြေထောက် နာနေတဲ့ နေရာတွေကိုတောင် ပြန်ပွတ်မိတဲ့အဖြစ် ရောက်သွားတယ်။

"မင်း ငါ့နောက်ကသာ သေချာလိုက်ခဲ့၊ လှုပ်မယ်တော့ မကြံနဲ့နော်။ တစ်ခါတည်း အသက် ွက်သွားမယ်သိလား" လို့ အရာရှိက ကျွန်တော့်ကို ပြောတယ်။ ကျွန်တော်လည်း သူ့နောက်က လိုက်တယ် သူ့ မြင်းကွင်းကနေ တစ်ချက်လေးတောင် အပျောက်မခံဘဲ လိုက်သွားတယ်။ ကျွန်တော် ရေခပ်ဖို့ နေရာရောက်တော့ သူက သေချာကျစ်ထားတဲ့ ကြိုးတစ်ခု ပေးလာတယ်။ ဒီကြိုးကို ကျွန်တော့်ဆီမှာ သေချာဆက်ပြီး ချည်ထားဖို့ ပြောတယ်။

ဒီကြိုးက သူနဲ့ကျွန်တော် အကြားမှာ အဆက်အသွယ်လုပ်ဖို့၊ ကျွန်တော် အိမ်သာတွေ ဘာတွေ သွားမယ်ဆိုလည်း ဒီကြိုးနဲ့ တစ်ယောက်နဲ့ တစ်ယောက်အကြား အဆက်အသွယ် လုပ်နိုင်အောင်လေ။ တစ်ဖက်ကိုတော့ သူ ကိုင်ထားတယ်။ လိုရင် လှုပ်ကြည့်မယ်ပေါ့။

နောက်တစ်ရက် ရောက်လာတဲ့ အခါမှာတော့ ဂျင်မီက ကျွန်တော့်ကို ကြိုးခွေတစ်ခု ထပ်လာပေးထားတယ်။ ကျွန်တော်လည်း ကျွန်တော့် ဘောင်းဘီထဲ ထည့်ထားလိုက်တယ်။ သူက ကျွန်တော့်ကို စကားတစ်လုံးမှ မပြောဘဲ သေချာတစ်ချက်လေး စိုက်ကြည့်လိုက်တယ်။ ကျွန်တော်ကလည်း ဒီလောက်ဆို သဘောပေါက်လိုက်ပြီလေ။ သူ ဘာကို ဆိုလိုချင်တယ် ဆိုတာကို။ ပြောချင်တာကတော့ မင်းဒီနေ့ပဲ သွားတော့ဆိုတဲ့ အဓိပ္ပာယ်ပဲလေ။

အဲဒီနေ့ပဲ ကျွန်တော် ရေချိုးခန်းသုံးဖို့ အခွင့်အရေးရလာတယ်။ ကြိုးစတစ်ဖက်ကို ကျွန်တော်ကကိုင် ကျန်တစ်ဖက်ကို ကျွန်တော်တို့ ကပ္ပတိန် ချာလီလို့ ခေါ်ခေါ်နေတဲ့ အရာရှိက ကိုင်ရင်းပေါ့။

"ကျွန်တော့်ဘက်က ကြိုးစကို ကျွန်တော် သေချာ ချည်ထားလိုက်ပါမယ် အရာရှိခင်ဗျား"

"ငါ မင်း အလုပ်လုပ်နေတယ် ဆိုတဲ့ အသံကြားရလောက်တဲ့ နေရာမှာပဲ နေနော်။ မင်း ဘာလုပ်ရမယ် ဆိုတာ မင်း သိတယ် မဟုတ်လား"

စက္ကန့်အနည်းငယ် ကြာတဲ့အထိ ကျွန်တော် အလုပ်လုပ်နေတယ်။ ရေချိုးခန်းထဲက ရေတွေ ခပ်ရင်းပေါ့။ ချုံပုတ်ထဲကျနေတဲ့ ကြိုးစတစ်ဖက်ကို သူက အပြင်က လှမ်းလှုပ်ကြည့်တယ်၊ ကျွန်တော် ရှိနေလားပေါ့။ တစ်ချိန်တည်းမှာပဲ ကျွန်တော်ကလည်း တစ်ဖက်ကနေ ပြန်ပြီးတော့ လှုပ်ပြတယ်လေ။ ကြိုးက ကျွန်တော်နဲ့ အတူတူရှိပါတယ်ပေါ့။

ဒီနည်းနဲ့ပဲ ကျွန်တော်ကလည်း လုပ်စရာရှိတဲ့ အလုပ်တွေ လုပ်သူကလည်း ကျွန်တော့်ကို သူ မမြင်နိုင်တဲ့နေရာ ရောက်နေလည်း ကြိုးလေး လှုပ်လှုပ်ပြီး စမ်းကြည့်လိုက်နဲ့ပေါ့။

သူက ကြိုးကို တင်းနေအောင် မဆွဲထားတော့ ဒီဘက်အခြမ်းမှာ ကျွန်တော်လည်း လုပ်ချင်တာ ကောင်းကောင်း လုပ်နိုင်တဲ့ အခွင့်ရှိတယ်

လေ။ ကျွန်တော်လည်း ဆယ်စက္ကန့်အတွင်းမှာ ကျွန်တော် အလွတ်ပြေး ဖို့ စတင် ပြင်ဆင်တော့တယ်။ ခပ်လှမ်းလှမ်းအထိ ကျွန်တော်လည်း လမ်းလျှောက်ပြီးမှ "ကက်ပတိန် ချာလီရေ ကြိုးလေး လှုပ်ပေးပါဦး" လို့ လှမ်းအော်လိုက်တယ်။

ကျွန်တော် ခြံစည်းရိုးနားထိ ရောက်လာပြီ။ ကျွန်တော့်အတွက် ကျော် ထွက်ဖို့ အသင့်ဖြစ်နေတဲ့ အချိန်ပဲလေ။ အရာရှိကလည်း သဘောပေါက် လိုက်တယ်။ ကျွန်တော် တော်တော်ဝေးဝေး ရောက်နေပြီ ဆိုတာကို။ အဲဒီ မှာတင် သူကလည်း မြင်းကို ဒုန်းစိုင်းစီးပြီး ကျွန်တော့်ဆီကို အမြန်လာနေ ပါပြီ။

ကျွန်တော် ခြံစည်းရိုးကို ကျော်ခွနေတုန်းလေးမှာပဲ အရာရှိက ကျွန်တော် ဖနောင့်နားလေးကို မီရုံဖြစ်နေတယ်။ သူ မြင်းနဲ့တစ်ခါတည်း ခုန်ထွက် လိုက်မယ် ဆိုရင်တော့ အခြေအနေက တစ်မျိုးပြောင်းချင် ပြောင်းသွားနိုင် ပါတယ်။ ဒါပေမဲ့ အရာရှိက ခြံစည်းရိုးအပေါ် ရောက်နေတဲ့ ကျွန်တော့်ကို ရုပ်ရှင်တွေထဲကလို ကြိုးကွင်းနဲ့ လှမ်းပစ်ပြီး ဖမ်းဖို့ ကြိုးစားပါ တယ်။

ဒါပေမဲ့လည်း သူ အော်ဟစ်ပြီး ဖမ်းဖို့သာ လုပ်နေတာပါ သူ လုပ်နေတဲ့ပုံ က အလုပ်မဖြစ်ပါဘူး။ အဲဒီချိန်မှာ သူက သေနတ်ထုတ်ပြီး လှမ်းပစ်ပါ တော့တယ်။ နှစ်ခါလောက် ပစ်လိုက်တယ် ထင်တယ်။ ကျွန်တော်လည်း ကျည်တွေဘာတွေ လာနေတာလည်း မသိတော့ဘူး၊ ရှေ့တည့်တည့်ကိုပဲ လွတ်အောင် အသားကုန် ပြေးတော့တာပါပဲ။

ပြေးရင်းနဲ့ပဲ မြေနီလမ်းလေးတစ်ခုပေါ် ရောက်လာခဲ့ပါတယ်။ အဲဒီချိန်မှာ ကာလီဖိုးနီးယားကို သွားမယ့် လူမည်းမိသားစု တစ်စုရဲ့ ကားကြုံနဲ့လိုက်ခွင့် ရလိုက်ပါတယ်။ ကျွန်တော် ပုန်းအောင်းပြီး သူတို့ ကားပေါ်မှာ ကပ်လိုက် သွားပါတယ်။ သူတို့ကလည်း ကျွန်တော့်ကို ဒီနေရာနဲ့ တော်တော်ဝေးဝေး

ကို ပို့ပေးမယ့်ပုံစံနဲ့ ခေါ်လာတော့တာပါပဲ။

လက်ဇန်တင်မှာ သူတို့ ကျွန်တော့်ကို ကားရပ်ပေးလိုက်တယ်။ အသက်ဆယ့်သုံးနှစ် ကောင်လေးတစ်ယောက် ငွေလည်းမရှိ၊ ဘဝလည်းပျက်ပြီး မြို့ကြီးတစ်မြို့ပေါ်ကို ရောက်လို့ လာပါပြီ။ အချိန်ကလည်း တော်တော်နောက်ကျနေပြီ။ ပထမဆုံးညလည်းဖြစ် အေးကလည်း အေးလာတယ်။ ဒါနဲ့ ကျွန်တော်လည်း အိမ်တစ်အိမ်ရဲ့ အောက်တည့်တည့်နားလေးမှာ သွားထိုးအိပ်လိုက်တယ်။ ကံကောင်းတာက အိမ်အားလုံးရဲ့ အရှေ့လေးတွေမှာ စင်ဝင်လေးတွေလို နေရာ ကျယ်ကျယ်လေးတွေ ရှိနေတော့ အဲဒီလို နေရာလေးတွေမှာ ခဏတော့ ဝင်အိပ်လို့ ရသွားတယ်။

ကျွန်တော်လည်း လေးညလောက်ထိ အဲဒီအိမ်အောက်မှာပဲ သွားသွားအိပ်ရတယ်။ နေ့ခင်းဆို စားလို့သောက်လို့ရမယ့် အရာလေးတွေ ရှာစားလိုက် ညဆို အဲဒီမှာပဲ ပြန်အိပ်လိုက်နဲ့ပေါ့ဗျာ။ တစ်ရက်ကျတော့ အဲဒီအိမ်မှာရှိတဲ့ ကောင်လေးတစ်ယောက်က တွေ့သွားတယ်။ ကျွန်တော် သူတို့အိမ်အောက်ထဲ ဝင်ဝင်အိပ်တယ် ဆိုတာကို သိသွားပြီး သူ့အမေကို သွားပြီး သတင်းပို့ပါလေရော။

"မင်း ဒီမှာ လာလာပုန်းပြီး အိပ်နေတာ ဘယ်လောက်ကြာပြီ လဲ" လို့ အဲဒီအမျိုးသမီးက မေးလာပါတော့တယ်။

"နည်းနည်းတော့ကြာပြီ အန်တီ၊ ကျွန်တော်လည်း သွားစရာမရှိလို့ပါ"

"မဟုတ်တာပဲ၊ အဲဒီမှာ ဒီလောက်အေးတာ မင်း သေသွားမှာပေါ့။ ဒီမှာ လာထိုင်ဦး" ဆိုပြီ ခေါ်လာခဲ့ပါတယ်။

ကျွန်တော်လည်း သူတို့ မီးဖိုခန်းထဲမှာ ထိုင်လိုက်တယ်။ သူတို့အိမ်လေးက တော်တော် ကောင်းတယ်ဗျာ။ သပ်သပ်ရပ်ရပ်လေး။ ထူးထူးထွေထွေ ခမ်းခမ်းနားနား မဟုတ်ပေမဲ့ တော်တော်ကောင်းတဲ့ အိမ်လေးပဲ။

ရေခဲပုံးထဲမှာ စားသောက်စရာတွေ တော်တော်များများ သိုလှောင်ထား တယ်။ ဒါ့အပြင် အနံ့ရော၊ အရသာရော ကောင်းတဲ့ ပေါင်မုန့်တွေ၊ ကြက်သားပြားတွေ၊ အသီးအရွက်တွေ၊ သံပရာရည် ကောင်းကောင်းတွေ လည်းရှိနေတယ်။ ကျွန်တော် အိမ်ပြန် ရောက်သွားသလိုပဲဗျာ။ သက်သောင့် သက်သာရှိပြီး၊ နွေးထွေးတဲ့ အရာသာမျိုးလေး ပြန်ခံစားလိုက်ရတယ်။ ဒီ အရသာက ဘာလဲတော့ သေချာမသိပေမဲ့ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ကျိန်းသေပြောနိုင်တယ်။

သူတို့ရဲ့ မိသားစု နာမည်က ဂျုံးစ်တဲ့။ အိမ်ထောင်ကွဲ အမျိုးသမီး တစ်ယောက်တည်း ဦးဆောင်နေရတဲ့ မိသားစုပေါ့ဗျာ။ သူ့မှာ ကလေးတွေ ရှိတယ်။ အဲဒီထဲက ကလေးတစ်ယောက်က ကျွန်တော် လာခိုးအိပ်နေတာ ကို တွေ့သွားတဲ့ တစ်ယောက်ပေါ့ဗျာ။

မစ္စစ် ဂျုံးစ်က ကျွန်တော့်ကို အဝတ်အစားလေးတွေ ထုတ်ပေးတယ်။ အစားအသောက် တွေလည်း သေချာကျွေးတယ်။

"ငါတို့မှာ အများကြီးတော့ မရှိဘူး ကလေးရယ်။ ဒါလေးတွေ တော့ရှိ တယ်" လို့ပြောပြီး သေချာ သပ်သပ်ရပ်ရပ်လေး လျှော်ဖွပ်ထားတဲ့ အင်္ကျီသ န့်သန့်လေး တစ်ထည်နဲ့ ဘောင်းဘီလေး တစ်ထည် ထုတ်ပေးတယ်။

"ကျေးဇူးပါပဲ"လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

"မကြာခင်မှာ ငါ့အိမ်ကြီးက ဟောင်းလောင်း ဖြစ်တော့မှာလေ။ ကလေး တွေက ကောလိပ်ကျောင်းတွေ ပြန်ဖွင့်တော့မယ် ဆိုရင် သူတို့သွားကြတော့ မှာ"

ဒီတော့ မင်း ဒီမှာ နေချင်လည်း နေလို့ရပါတယ်။ တစ်ခုပဲ လုပ်ပေးဖို့ လို တယ်။ မနက်ဆိုရင် စောစောထပြီး မီးလှုံလို့ရအောင် မီးဖို ထားပေးပေါ့ ကွာ။

"ဟုတ်ကဲ့ပါ ကျွန်တော် လုပ်ပေးပါ့မယ်"လို့ ကျွန်တော် ပြောလိုက်ပါတယ်။

"မီးမွှေးရင် ခက်ရင်းခွလေးကို သုံးပေါ့ကွာ" လို့ သူက ပြုံးပြီးတော့ ကျွန်တော့်ကို ပြောလာပါတယ်။

"အစားအသောက်ကတော့ ပူစရာမလိုဘူး၊ အိမ်မှာ စားလို့ရတယ် သိလား"

ကျွန်တော် အဲဒီအိမ်မှာပဲ သုံးလလောက် ကောင်းကောင်း နေထိုင်ခဲ့ပါတယ်။ မနက်စောစော တစ်ရက်မှာတော့ အေးကလည်း အေးပေါ့။ ကျွန်တော်လည်း ပြင်ဆင်စရာရှိတာတွေ အိမ်အတွက် အကုန် ပြင်ဆင်ပေးတယ်။ အဲဒီနေ့က မစ္စစ် ဂျုံးစ်က စောစောစီးစီးပဲ အရက်ကို ခွက်ပုန်းသောက်ဖို့ ရောစပ်နေတယ်လေ၊ ကျွန်တော်လည်း အသာလေး အပြင်ကို လစ်ထွက်သွားတယ်။ လမ်းထဲမှာ လောင်းကစားသမားတွေနဲ့ သွားပြီး အန်စာခေါက် ကစားပွဲတွေထဲ ဝင်ပါတယ်။ ဘိလိယက်ဝိုင်း တွေလည်း ပါတာပေါ့ဗျာ။

အဲဒီထဲမှာမှ ကျွန်တော် ကြိုက်တာ တစ်ခုကတော့ ဘတ်စကား ဂိတ်နားမှာရှိတဲ့ ဘိလိယက်ခုံ လောင်းကစားဝိုင်း တစ်ခုပဲဗျ။

ကျွန်တော်လည်း အဲဒီနားက လူတွေဆီကနေ ဒီကစားနည်းကို တတ်အောင် သေချာသင်လိုက်တယ်ပေါ့ဗျာ။ တတ်ပြီးနောက်ပိုင်း ကျွန်တော်လည်း အဲဒီက လူတွေနဲ့အပြိုင် သူတင်ကိုယ်တင် ကစားနိုင်တဲ့ အခြေအနေထိ ရောက်သွားတယ်။

မစ္စစ် ဂျုံးစ် အိမ်မှာ နေထိုင်ရင်း ဒီလိုနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးခဲ့တယ်ပေါ့ဗျာ။

လတွေလည်း တဖြည်းဖြည်း ကုန်လွန်လာခဲ့ချိန်မှာ ကျွန်တော်လည်း တစ်ခုခုစီစဉ်ဖို့ လိုလာပြီဆိုတာ သဘောပေါက်လာတယ်။ ကျွန်တော် တစ်ခုခုလုပ်မှရမယ် ဆိုတာကိုလည်း သိလာတယ်လေ။ ကိုယ့်ဘဝလမ်းကို ကိုယ် ပြင်ဆင်ရတော့မယ်။ မစ္စစ် ဂျုံးစ်က ကျွန်တော့်ကို ဘယ်လိုပဲ အသက်ငယ်သေးတယ်လို့ ထင်ထင် ကျွန်တော် အသက် မငယ်တော့ဘူးလေ။ ကျွန်တော်က အသက်ဆယ့်သုံးနှစ် ပြည့်ပြီးသားသူတစ်ယောက် ဖြစ်တယ်။ အလုပ်လုပ်နိုင်တဲ့ အရပ်အမောင်း ကောင်းကောင်းလည်း ရှိနေပြီ။ ဒါပေမဲ့လည်း အများကတော့ ကျွန်တော့်ကို ကလေးသာသာ ငချွတ်လို့ပဲ မြင်နေကြတုန်းပဲဗျ။ ထောင်ကနေ လွတ်အောင် လုပ်ပေးလိုက်တဲ့ ဂျင်မီက အစလေ။ ဒါပေမဲ့လည်း အချို့တော့ လက်ရှိအသက်ထက် ငါးနှစ်လောက် ပို ကြီးတယ်လို့ ထင်တဲ့လူတွေလည်း ရှိသေးတယ်။ အရွယ်နဲ့မလိုက်အောင် အမှားကတော့ ဘာလုပ်သလဲ မမေးနဲ့။

နောက်ထပ် လေး၊ ငါးလလောက်ကြာတဲ့အခါမှာ ကျွန်တော် ပိုက်စက်ရုံ တစ်ခုမှ အလုပ်ရလာခဲ့တယ်။ ဘယ်လိုအလုပ်သွားလဲ ဆိုတာတောင် ကောင်းကောင်းကြီး မမှတ်မိတော့ပါဘူး။ မစ္စစ်ဂျုံးစ်က ကျွန်တော့် အတွက် ကောင်းမွန်တဲ့ ခွန်အားပေးမှု တစ်ခုကြောင့်ပဲ ဖြစ်မှာပါ။ ကျွန်တော် အဲဒီမှာ လုပ်ရတဲ့ အလုပ်က ပိုက်လုံးတွေ စက်ရုံက ထွက်ပြီး သဘော်မတင်ခင် သူတို့ရဲ့ အရည်အသွေးကို ပြန်စစ်ပေးရတဲ့ အလုပ်ကို လုပ်ရတာဗျ။

မနက်စောစော တစ်ရက်မှာပေါ့... ကျွန်တော်လည်း ကိုယ့်အလုပ်ကိုယ် လုပ်နေတဲ့အချိန်၊ ဒီစက်ရုံရဲ့ ပိုင်ရှင် ရောက်လာတယ်။ စက်ရုံရဲ့ လိုအပ်ချက်တွေကို အခြား အလုပ်သမားတွေကို မှာကြားတာတွေ လုပ်နေတယ်။ သူ့ ဘေးမှာ မှတ်စုလိုက် မှတ်ပေးနေတဲ့ ကောင်မလေး တစ်ယောက်ပါလာ

တယ်။

"မင်း အဲဒီကောင်မလေးကို ကြည့်မနေနဲ့နော်" လို့ ကျွန်တော့်ဘေးက အလုပ်သမား တစ်ယောက်က ကျွန်တော့်ကို လှမ်းပြောလာတယ်။

"သူ့ကို ပြောရမှာ၊ ငါ့ကို ကြည့်မနေဖို့" လို့ ကျွန်တော်က ပြန်တောင် ပြောလိုက်သေးတယ်။

"အဲဒါ ဒီစက်ရုံပိုင်ရှင် ကနေဒီရဲ့သမီးပေါ့၊ လူစီတဲ့၊ ဝေးဝေးတော့နေကွာ ဒုက္ခတွေ တောင်လို ပုံသွားမယ်။ ဘာမှတ်လဲ" လို့ ဘေးက လူက ထပ်သတိပေးပြန်တယ်။

ဒီအဖြူမလေးက တော်တော်လေး အထာကျတယ်လို့ ပြောလို့ရတယ်။ ဆံပင်ကလည်း အနီလေးနဲ့၊ ခန္ဓာကိုယ်ကလည်း တောင့်တောင့်တင်းတင်း ရှိတယ်။ မျက်လုံးက ခပ်စိမ်းစိမ်း။ မျက်နှာမှာ ဝက်ခြံတောင်မရှိဘူး။ နားလည်ရခက်တဲ့ အပြုံးပိုင်ရှင်မျိုး လို့လည်း ပြောလို့ရတယ်။ ပုံကတော့ သူ့ကြောင့် တစ်ယောက်ယောက် ဒုက္ခရောက်ရင် ရေရေလည်လည် ပျော်မယ့်စတိုင်မျိုးပဲ။

ဒီစက်ရုံမှာ အလုပ်လုပ်ပြီး နှစ်ပတ်အကြာမှာ ဒီအဖြစ်အပျက်တွေ ဖြစ်လာတာပေါ့ဗျာ။ လူစီက ကျွန်တော့်ကို အမြဲ လှမ်းလှမ်းကြည့်လေ့ရှိတယ်။ သူကြည့်လာတိုင်းလည်း ကျွန်တော်က အကြည့် လွှဲလွှဲလိုက်တယ်။ ဒီလို အေးတိအေးစက်နဲ့ အမူအရာကို မကြိုက်လို့ထင်တယ်။ တစ်ရက်ကျတော့ အကြောင်းရှာပြီး နားနေခန်းထဲ နားနေတဲ့ ကျွန်တော့်ဆီလာပြီး စကား လာပြောတယ်။

"ငါ့ရုံးခန်းကို ခဏလောက် လာခဲ့လို့ ရမလား" လို့ လူစီက ပြောတယ်။

"မင်း ရုံးခန်း ငါမှ မသိတာ" လို့ ကျွန်တော်လည်း ခေါင်းငုံ့ပြီး ပြန်ဖြေ

လိုက်တယ်။

"ထွက်ပေါက်ရဲ့ ညာဘက်နားမှာ၊ နောက် ငါးမိနစ်နေရင် လာခဲ့လိုက်" ပြောပြီး သူမလည်း ချာခနဲ လှည့်ထွက်သွားတယ်။

အခုချိန်မှတော့ ကျွန်တော်လည်း ဘယ်လိုမှ ရှောင်လို့မရတော့မှန်း သိသွားပြီလေ။ လူစီ ဘာဖြစ်ချင်တယ် ဆိုတာကို ကျွန်တော် နားလည်သလို သူနဲ့ ကျွန်တော့်အကြား အပြန်အလှန် နားလည်မှု ရှိသလိုလည်း စိတ်ထဲ ခံစားနေရပြန်တယ်။ စက်ရုံထဲမှာ အဖြူကောင်မလေး တစ်ယောက်ကို အမည်းတစ်ယောက်က သွားရှာတယ် ဆိုတဲ့ ဖြစ်ရပ်ကလည်း စွပ်စွဲစရာတစ်ခုဖြစ်လာမှာလည်း စိုးရိမ်ဖို့ ကောင်းနေပြန်ရော၊ ကျွန်တော်ကလည်း ဘာလဲဆိုတာ သိချင်တဲ့ကောင် ဆိုတော့ အခြား ဘာဖြစ်ဖြစ်လည်း သိပ်ပြီး ဂရုစိုက်ချင်စိတ် မရှိတော့ဘူးလေ။

တကယ်တော့ ကျွန်တော့်အတွင်း စိတ်က ကျွန်တော့်အစ်ကို ဘိုင်ဒန်သေပြီး နောက်ပိုင်း လုံးဝ ပွစာကြဲသလို ဖြစ်ပြီးသွားပြီ။ ဘဝကလည်း ဒီလိုဘဝထိတောင် ရောက်လာခဲ့ပြီးသား ဆိုတော့ ဘာပဲ အဖိုးအခပေးရပေးရ သိပ်ပြီးတော့လည်း အလန့်တကြား မရှိတော့ဘူးလေ။

ငါးမိနစ်ကြာပြီးတဲ့ အချိန်မှာတော့ ကျွန်တော်လည်း အလုပ်လုပ်တဲ့ နေရာကနေ ခဏလောက် ခိုးကြောင်ခိုးဝှက်နဲ့ ထွက်လာလိုက်တယ်။ လူစီပြောခဲ့တဲ့ ရုံးခန်းဆိုတဲ့ နေရာကို လိုက်ရှာကြည့်လိုက်တယ်။ သူမ ပြောခဲ့တဲ့ နေရာက ဘာရုံးခန်းမှ မရှိပါဘူး။ ပစ္စည်းတွေသိမ်းတဲ့ နေရာကျဉ်းလေး တစ်ခုပဲ၊ အဲဒီနေရာကို အရင်က တစ်ခါမှ ကျွန်တော်လည်း သတိမထားမိဘူး။ ပျက်စီးနေတဲ့ ပစ္စည်းအချို့ရယ် ခပ်မှောင်မှောင် ဖြစ်နေတဲ့ အခန်းတစ်ခန်းပဲ။

"ဘယ်သူရှိလဲ"

"နောက်ကို နည်းနည်းဆုတ်လိုက် ဖရန့်"

ခြေလှမ်း တစ်လှမ်းလောက် နောက်ဆုတ်လိုက်တော့ လူစီရဲ့အသံကို ကျွန်တော် ကောင်းကောင်း ကြားရပြီ။ ဒါပေမဲ့ ခုထိ လူကို မတွေ့ရသေးဘူး။

"ဘာတွေ ဖြစ်နေတာလဲ"

ရုတ်တရက် ကျွန်တော့်အင်္ကျီကို ဆောင့်ဆွဲလိုက်သလို ခံစားလိုက်ရတယ်။ လူစီက အဲဒီနားက ခပ်မှောင်မှောင် ကြမ်းပြင်ပေါ်က ကောက်ရိုးနဲ့လုပ်ထားတဲ့ မွေ့ရာတစ်ခုပေါ်မှာပဲ။ ကျွန်တော်လည်း အဲဒီအပေါ်ကို လဲကျသွားတယ်။ ကျွန်တော် တွေ့လိုက်ရတာက သူမ ကိုယ်မှာ ဘာမှ မဝတ်ထားတော့ဘူး။ ဘာမှ ပြောဖို့မှမလိုတော့တာ ကျွန်တော့်လက်တွေလည်း သူမ ခန္ဓာကိုယ်ပေါ် အလိုလို ရောက်သွားပြီးသားပေ့ါ၊ ဒီနေရာမှာ အခြား ဘာအကြောင်းပြချက်မှ မရှိတော့ဘူးလေ။

ဒီသိုလှောင်ခန်းထဲမှာ ကျွန်တော်တို့ အကြာကြီးနေလို့တော့ မရဘူးဗျာ။ ဒါပေမဲ့လည်း ဘဝတစ်ခုစာလောက် ကြာသလားလို့ ထင်မိရအောင် နိဗ္ဗာန်ရောက်သွားသလိုပဲ။ အဲဒီနောက်ပိုင်း နေ့လယ်စာနားတဲ့ အချိန်တွေက ကျွန်တော့်အတွက် အချိန်ကောင်းလေး တစ်ခုလို ဖြစ်ဖြစ်လာတော့ တာပါပဲ။ လူစီက စက်ရုံကိုတော့ နေ့တိုင်းမလာတတ်ဘူး။ လာတဲ့အခါတိုင်းတော့ လူစီ အချက်ပြပြီ ဆိုရင် အဲဒီအခန်းထဲမှာ ကျွန်တော်တို့ သွားသွား ကောင်းကြတော့တာပဲဗျာ။

အချိန်တွေကလည်း တစ်ပတ်ပြီး တစ်ပတ်၊ တစ်လပြီးတစ်လ ကြာလာတယ်။ ကျွန်တော်လည်း အလုပ်သွားလိုက်၊ လူစီနဲ့ နှစ်ပါးသွားလိုက်တဲ့ ပုံမှန်လိုလိုပဲ ဖြတ်သန်း လာခဲ့တယ်လေ။ ကျွန်တော်တို့ နှစ်ယောက်က မျက်လုံးနဲ့ ကြည့်လိုက်ကြတာနဲ့တင် တစ်ယောက် ဘာဖြစ်ချင်မှန်း တစ်

ယောက် ကောင်းကောင်း သဘောပေါက်ကြတယ်။

တစ်နေ့ကျတော့... ပြဿနာ တက်ပါလေရော။ ကျွန်တော်တို့နဲ့ အလုပ်အတူတူလုပ်နေတဲ့ အဖြူတစ်ယောက်က ကျွန်တော့်ကို လိုက်ချောင်းနေတာ တစ်ပတ်လောက်ရှိပြီ။ ကျွန်တော်တို့ ဇာတ်လမ်းကိုလည်း သိနေတဲ့ပုံပဲဗျ။ ကျွန်တော်လည်း လုံးဝ သတိ မထားမိလိုက်တာ။ အဲဒီနေ့က ကျွန်တော် လူစီနောက်ကိုလိုက်ဖို့ အဲဒီအခန်းထဲ သွားတဲ့အချိန်မှာ ငနဲက လိုက်လာတယ် နောက်ကနေ။ ကျွန်တော်တို့နှစ်ယောက် ထုံးစံအတိုင်း ကောင်းနေကြတဲ့ အချိန်မှာ ပစ္စည်းတွေ ရွှေ့လိုက်တဲ့အသံ နားထဲတစ်ချက် ကြားလိုက်တယ်။ မကြာလိုက်ပါဘူး။ အမှောင်ထဲ ရောက်နေတဲ့ ကျွန်တော်တို့အပေါ် ဓာတ်မီးရောင် ရောက်လာပြီး မိသွားပါလေရောဗျာ။

"ကနေဒီသာ သိသွားရင် မင်းတော့ သေပြီ ငမည်းကောင်ရေ"

လူစီက ချက်ချင်းပဲ သူ့အင်္ကျီတွေကို မြန်မြန်ဝတ်ရင်း ချက်ချင်း လက်ညှိုးထိုးပြီး သူ့ကို ထတုံ့ပြန်လိုက်တယ်။

"ခွေးမသား နင် ပြောရဲပြောကြည့်လေ။ မင်း ငါ့ကို မုဒိမ်းကျင့်ဖို့ ကြံနေတယ်လို့ ပြောပြီး တစ်ခါတည်း အလုပ် ထုတ်ခိုင်းလိုက်မယ်" လို့ အော်ပြောလိုက်တယ်။

အဲဒီနောက်မှာတော့ သူလည်း အပြင်ထွက်သွား၊ ကျွန်တော်တို့လည်း ပြန်ထွက်လာခဲ့ ကြတယ်။ အဘိုးကြီး ကနေဒီ ဒီကိစ္စကို သိသိ၊ မသိသိ ကျွန်တော်ကတော့ လစ်ဖို့ ပြင်ရတော့မှာက အသေအချာပဲလေ။ ဒီအလုပ်ကနေ ထွက်ကိုထွက်ရတော့မယ် ဆိုတာက သိပ်ကို သေချာနေပြီ။ စက်ရုံဆီကနေ ကျွန်တော် လစာရဖို့ ဒေါ်လာ ၅၀ တော့ ကျန်သေးတယ်။ ဒီငွေလေးရဖို့ စောင့်နေပြီး အဘိုးကြီး သိသွားမှာတော့ ကျွန်တော်လည်း မခံနိုင်ဘူး။ ဒါကြောင့် အဲဒီညမှာပဲ ကျွန်တော် စက်ရုံကို ဘယ်သူမှ မသိအောင် တိတ်တိတ်

လေး သွားဖောက်ခဲ့ပြီး၊ ဒေါ်လာတစ်ရာ ခိုးလာခဲ့တယ်။ ပြီးတာနဲ့ အဝေးပြေးဂိတ်ကို တန်းလစ်တော့တာပဲဗျို့။

အမေရိကန်နိုင်ငံရဲ့ တောင်ပိုင်းကို သွားရမယ်ဆိုတာတော့ ကျွန်တော် သိနေခဲ့တယ်ဗျ။ အဲဒီဘက်မှာ လူမည်းတွေ အများကြီးနေကြတယ်။ ငွေလည်း ရှာလို့ကောင်းတယ် ဆိုတာ ကျွန်တော် ကြားထားတယ်လေ။

၁၉၄၄၊ နွေရာသီမှာပေါ့၊ ကျွန်တော် နယူးယောက်ကို သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် အဝေးပြေးဂိတ်ကို ဖိနပ်အစုတ် တစ်ရန်နဲ့ သွားတယ်။ ကားပေါ်ရောက်တော့ ကျွန်တော် ဘယ်ထိ သွားချင်တယ်ဆိုတာကို ယာဉ်မောင်းကို ပြောပြလိုက်တယ်။

ကျွန်တော် ကားပေါ်က ဆင်းလာတော့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘာတွေမှန်းကို ဝေခွဲလို့မရတာဗျာ။ လူဖြူတွေလည်း ရှိတယ်။ ရုံးတွေ၊ ရုံးတွေထဲကို ဝင်လိုက်ကြ၊ ထွက်လိုက်ကြနဲ့ပေါ့။ အဲဒီနားမှာရှိနေတဲ့ ရဲတစ်ယောက်နားကို ကျွန်တော် သွားလိုက်တယ်။ တကယ်တော့လည်း ရဲဆိုတဲ့ လူကို စကားပြောချင်စိတ်တော့ မရှိလှဘူး။ ဒါပေမဲ့လည်း ဘာပြဿနာမှ မတက်ချင်တာရယ်၊ လမ်းလည်း သိချင်တာရယ်ကြောင့် သူ့ကို စကား သွားပြောလိုက်တယ်။

"ကျွန်တော်တို့လို အမည်းတွေ အများစုနေတဲ့ ရပ်ကွက်က ဘယ်နားလဲဗျ"

"ဟိုဘက်မှာ ပြထားတဲ့ မျှားတွေ့လား၊ ညာဘက် ကွေ့လိုက်"

ကျွန်တော် လှမ်းကြည့်လိုက်တော့ ဆယ့်လေးလမ်းတော့ ရေးထားတာ တွေ့ရတယ်။

ကျွန်တော်လည်း ဝေတေဝါးတား ဖြစ်နေတော့ ရဲက ထပ်မေးတယ်။

"မင်းသွားချင်တာက "ဆယ့်လေးလမ်းလား၊ တစ်ရာတစ်ဆယ့်လေး လမ်း

လား၊ အဲဒါဆို ဝေးသေးတယ်"

"ကျွန်တော့်မှာ ပိုက်ဆံမပါဘူး ဆရာ ဘယ်လိုလုပ်ရမလဲ"

ရဲကလည်း ကျွန်တော့်ကို တစ်ချက် ပြန်ကြည့်လိုက်ပြီး၊ မြို့တွင်း ကားတွေသွားတဲ့ ကားဂိတ်နားကို ခေါ်လာပေးပါတယ်။ ပြီးတော့ အဲဒီက ကားမောင်းတဲ့ သူ့ကို ပြောပေးလိုက်တယ်။

"ဒီကောင်လေး ခရီးသွားရင်းနဲ့ ငွေပြတ်သွားလို့ဗျာ၊ သူ သွားချင်တဲ့နေရာကို ပို့ပေးလိုက်ပါ"

အဲဒီတုန်းက ကျွန်တော် မှတ်မိတာကတော့ ရဲလုပ်သူက ကူညီ ပေးလိုက်တယ်။ ကားသမားကတော့ ကျွန်တော့်ကို ပြုံးဖြဲဖြဲနဲ့ ကြည့်နေတယ်။ ကားပေါ် ရောက်သွားတော့လည်း ခရီးသည် တော်တော်များများက ကျွန်တော်နဲ့ ခပ်ခွာခွာ နေကြတယ်လေ။ ဟုတ်တယ် ကျွန်တော်လည်း တော်တော်ကို စုတ်ပြတ်သတ်နေတာ။ ဝတ်ထားတဲ့ အင်္ကျီတွေကလည်း ဘယ်လောက်ကြာပြီလဲတောင် မသိဘူး၊ ၁၁၄ လမ်းကို ရောက်တော့ ကားဆရာက ရပ်ပေးလိုက်တယ်။

"ကဲ ရောက်ပြီ၊ ဒါ မင်း သွားချင်တဲ့ ဟာလန်း" ဆိုတဲ့ နေရာပဲ"

ကျွန်တော်ကားပေါ်က ဆင်းတော့ ၁၁၄ လမ်းနဲ့ ၈ လမ်းကြားဆုံတဲ့ လမ်းဆုံလမ်းခွပေါ် မှာပေ့ါ။ ဘယ်ကြည့်လိုက်၊ ညာကြည့်လိုက်နဲ့။ ဘာမှတော့ မရှိဘူး။ ဒါပေမဲ့ လူမည်းတွေ အများဆုံးရှိတဲ့ နေရာကို လိုက်ရှာပြီး ကြည့်နေမိတယ်။ လူမည်း အမျိုးသား၊ အမျိုးသမီးတွေ အရွယ်စုံကို တွေ့ရတော့တာပဲ။ အချို့က သိပ်ပြီးတော့ ပြောင်ပြောင်ရောင်ရောင် မရှိကြဘူး။ (ဒါပေမဲ့ ကျွန်တော့်ထက်တော့ သာတယ်။) အချို့ကလည်း ချမ်းချမ်းသာသာ ရှိကြတယ်။

ကျွန်တော်လည်း လက်နှစ်ဖက်ကို မြှောက်ပြီး အော်လိုက်တယ်။

"ဟယ်လို အမေရိကန်နိုင်ငံက "ဟာလန်း" ငါတော့ နယူးယောက် မြို့ကြီး ပေါ်ကို ရောက်လာပြီ"

"ငါကတော့ သိပ်မသေချာပေမဲ့ မင်းကရော ငါ့အတွက် အဆင် သင့်ဖြစ်ရဲ့ လားကွာ"

***

(၂)

၁၉၄၄ ရဲ့ အစောပိုင်းတုန်းက ဟာလန်းမြို့က အခုနဲ့ တော်တော်ကွာတယ်။ ၁၈၀၀ ပြည့်နှစ်တွေတုန်းက ဆိုရင် ဒီနေရာက စပါးစိုက်ခင်းတွေပေ့ါ။ အဲဒီနောက်မှာ အိုင်းရစ်လူမျိုးတွေ ရောက်လာတယ်။ ပြီးတော့ အီတလီတွေ ရောက်လာတယ်။ နောက်တော့ ဂျူးတွေ ရောက်လာတယ်။ ၁၉၀၄ ခုနှစ်မှာတော့ လူမည်းတွေ အများဆုံး အခြေချတဲ့ နေရာတစ်ခု ဖြစ်လာခဲ့တယ်။

ကျွန်တော် ဒီကို မရောက်ခင် လွန်ခဲ့တဲ့နှစ် အစောပိုင်းတုန်းက ဟာလန်းမြစ်ကမ်းပါး အိမ်ရာဆိုတာ စဖွင့်လိုက်ပြီ။ ပြည်နယ်အစိုးရရဲ့ ငွေကြေးစိုက်ထုတ်မှုနဲ့ ဒါကို တည်ဆောက်ခဲ့တယ်။ ဖွင့်ဖွင့်ချင်းမှာပါ လူမည်းပေါင်းတစ်သောင်း တစ်ထောင်လောက်က အခန်းတွေရဖို့ လျှောက်ထားကြတယ်။ တကယ်တော့ အဲဒီမှာ အခန်းက ငါးရာလောက်ပဲ ရှိတာ။ ၁၉၃၄ တုန်းကလည်း အပိုလိုဓာတ်ရုံလို့ အမည်ပေးထားတဲ့ အိမ်ရာတစ်ခုကိုလည်း ဖွင့်ရောင်းချပေးခဲ့တယ်။ ကျွန်တော် မရောက်ခင် ဆယ်နှစ်အရင်ကပေ့ါ။ အခုတော့ ဟာလန်းမှာ တစ်ရာမှာ တစ်ရာအပြည့် လူမည်းတွေပဲ ဖြစ်နေပါပြီ။

ကျွန်တော် အိမ်ကနေ ထွက်လာခဲ့တာ အခုဆို တစ်နှစ်ခွဲလောက်တောင် ရှိပြီထင်တယ်။ ဘဝတစ်ခုလုံးက အချိန်တွေကို အဲဒီ တစ်နှစ်ခွဲအတွင်း ထိုးသွတ်ထည့်ခဲ့သလားပဲ အဖြစ်အပျက်မျိုးစုံ ရင်ဆိုင်ခဲ့ရတယ်။ ထောင်ကလွတ်လာတော့ မစ္စစ်ဂျုံးတို့အိမ်ကို ရောက်လာ၊ အဲဒီနောက် လူစီနဲ့ တိတ်တိတ်ပုန်း ခိုးစား ဓာတ်လမ်းလေးတွေနဲ့ နှစ်ပါးသွား။ အခုတော့ ကျွန်

တော့်အသက် ဆယ့်လေးနှစ်တောင် ရှိနေပါလား။

နယူးယောက်ဆိုတဲ့ နေရာမှာ ငွေမရှိ၊ ပိုင်ဆိုင်မှုမရှိ၊ ဘာဆိုဘာမှမရှိတဲ့ ကျွန်တော် ဆိုတဲ့ကောင် ရောက်နေပြီလေ။ ကျွန်တော်လည်း မြို့ကို ပတ်ကြည့်တာပေါ့ဗျာ။ ဆူညံတယ်။ ပူပူလောင်လောင်နဲ့ ရှိနေတဲ့မြို့လို့တော့ သဘောပေါက်လိုက်တယ်။ လူမည်းပေါင်းများစွာကို တစ်နေရာတည်းမှာ အများအပြား စုစုစည်းစည်း မြင်တွေ့ရတာတော့ ဘဝမှာ ပထမဆုံးအကြိမ်လို့ ပြောရမယ်။ မြောက်ပိုင်း လာဂရန့်ဂျီမှာတုန်းကနဲ့ ကွာမှကွာပဲ။ ဟိုမှာက တောဆိုတော့ လူ ဒီလောက်အများကြီး ဘယ်တွေ့ရမလဲ။ ဒီမှာက သူတို့အလုပ်တွေနဲ့ သူတို့ ရှုပ်နေကြတဲ့ပုံပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အော်ပြီး နှုတ်ဆက်လိုက်ကြ၊ သူတို့သွားဖို့ရှိနေတဲ့ နေရာတွေကို သွားလိုက်ကြနဲ့၊ ရေရေလည်လည် ခြေရှုပ်နေကြတာပဲဗျို့။ စကားလည်း မြန်မြန်ပြောကြ၊ သွားရင်လည်း အရေးတကြီးနဲ့ သူတို့အားလုံးကို လိုက်ကြည့်ဖို့တောင် ကျွန်တော်မျက်လုံးထဲ မူးနောက်လာတယ်။

အဲဒီအချိန်တုန်းက ကျွန်တော့်ရဲ့ အဓိက ရေးနှစ်ရေးက နေရေးနဲ့ စားရေးပဲဗျ။ ကျွန်တော် ညနေစာ ဘယ်လိုစားရမလဲ စဉ်းစားနေတုန်းပဲ။ အနီးနားမှာ အစားအသောက် ရောင်းတဲ့ တန်းလျားကြီး တစ်ခုရှိတယ်။ အဲဒီမှာ အစားအသောက် ရောင်းတဲ့ပုံစံက ခပ်ဆန်းဆန်းရယ်၊ ကူပွန်တွေကိုထုတ်၊ အဲဒါတွေကို အပေါက်ဖောက်၊ ကောင်တာတစ်ခုပြီး တစ်ခုသွား၊ နောက်ဆုံးမှ အစားအသောက်ကို ထုတ်ယူရတဲ့ ပုံစံတွေ။ တော်တော်လေးကို ရှုပ်လွန်းပါတယ်။

ကျွန်တော်လည်း တစ်ချက် ပြုံးမိတယ်။

ပထမဆုံး အစာစားဖို့ တော်တော်လေး အလုပ်ရှုပ် ခံလိုက်ရတာပဲလေ။

နယူးယောက်မှာနေရတဲ့ အခိုက်အတန့်မှာ ကျွန်တော် လုံးဝ ဗိုက်ဆာ

တယ်လို့ကို မရှိသလောက်ပါပဲ။ အဓိကလိုအပ်ချက်က ကျွန်တော် ရှင်သန်နေဖို့၊ ရဲရင့်ဖို့၊ အရာရာတိုင်းအတွက် ခွန်အား ရှိနေဖို့က အရေးကြီး တယ်ဆိုတာ နားလည်လာတယ်။

၁၁၆ လမ်းနဲ့ ၈ လမ်း အဆုံးနားမှာ အန်စာပစ်တမ်း ကစားတဲ့ နေရာလေးတွေ ရှိနေတယ်။ အဲဒီနေရာလေး တွေမှာ သွားသွားခိုနားလို့ ရတယ်။ စားရမယ့် အစားအသောက်လေးတွေ ယူသွားပြီး အဲဒီနေရာလေးမှာ ကျွန်တော် ခဏသွားနားတယ်။ အဲမှာနေပြီး ပတ်ဝန်းကျင်ကို ကျွန်တော် အကဲခတ်နေရင်းနဲ့ ပစ္စည်းပို့တဲ့သူ တစ်ယောက်က မီးသွေးတွေ လာပို့တာတွေ့ရတယ်။ ကျွန်တော် နားလည်လိုက်တာက ဒီမြို့မှာ ဓာတ်ငွေ့ ဒါမှမဟုတ် လောင်စာသုံးပြီး အပူယူမယ်လို့ထင်တာ။ ဒါပေမဲ့ ကျောက်မီးသွေး သုံးသေးပါလားဆိုတာကို သဘောပေါက်လိုက်တယ်။ ကျောက်မီးသွေးရှိရင် ကျောက်မီးသွေးကို သိုလှောင်တဲ့ အခန်းလေးတွေ အိမ်ရဲ့အောက်ကွေ့မှာ ရှိနေရမယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အဲဒီအောက်နားကို သွားကြည့်တော့ လူသိပ်မဝင်တဲ့ ကျောက်မီးသွေး သိုလှောင်ခန်းလေး တစ်ခန်း တွေ့လိုက်ရတယ်။ အဲဒီနေရာလေးဟာ ကျွန်တော့်အတွက်တော့ ယာယီနေစရာလေး ဖြစ်လာခဲ့တယ်။

အဲဒီညက ကျွန်တော် ကျောက်မီးသွေးခန်းထဲ အိပ်ခဲ့တယ်။ ရောက်တတ်ရာရာ တွေလည်း တွေးပေါ့၊ ဘယ်လိုတောင် ခံစားမိလဲဆိုတော့ ငါ ကမ္ဘာကြီးရဲ့ အလယ်ဗဟို တည့်တည့်ကိုများ ရောက်နေသလား လို့တောင် ခံစားရတယ်။ ကျွန်တော် အိမ်ဆိုတဲ့ နေရာကြီးနဲ့လည်း အဝေးဆုံးကို ရောက်နေပြီ။ ဟာလန်းက ကျွန်တော့် အိမ်သစ်ပဲ ဆိုပါတော့ဗျာ။

"ကလေးလေးတွေ ဒီနေ့ မနက် ဘာကောင်းလဲ သိကြလား"

"ဒီနံပါတ်ကို ထိုးရမယ်ဆိုတာ ငါ သိနေတယ်"

"မင်းတို့ ဒီနေ့ ဘာကစားကြမလဲ"

"နံပါတ် ၃ နဲ့ ၁၀ ပေးပါ။ တစ်ဒေါ်လာဖိုးလောက်။ အဲဒါ ကျွန်တော့်အမေ မွေးနေ့"

အဲဒီအသံတွေ လာတဲ့ဘက်ကို ကျွန်တော် လှမ်းကြည့်လိုက်မိတယ်။ ဘာတွေ ပြောနေကြတာလဲပေါ့။ ၁၂၅ လမ်း နဲ့ ၈ လမ်းဆုံ ထိပ်မှာ။ အနောက်တိုင်းအင်္ကျီကို သေချာ ဝတ်ထားတဲ့ လူတစ်ယောက်က တစ်ဒါဇင်လောက်ရှိတဲ့ လူတွေကို ဒင်္ဂါးစေ့ဂိမ်းတွေ ကစားဖို့ ပြောဆိုနေကြတဲ့ အသံဖြစ်နေတယ်။ သူလုပ်စရာ အလုပ်တွေ ပြီးသွားရင် အဲဒီနားက စတိုင်းဆိုင်တစ်ဆိုင်ထဲ ဝင်တယ်။ ပြန်ထွက်လာရင် သူ့ပိုက်ဆံ ထုတ်ထုတ် ရေလေ့ရှိတာကို ကျွန်တော် တွေ့သွားတယ်။

ကျွန်တော့်အတွက်တော့ ထမင်းစားလက်မှတ် တစ်စောင် ရလိုက်သလိုပဲ။ အိမ်ခြေရာမဲ့ တစ်ယောက် ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ သွားနေရတဲ့ ကျွန်တော့်လို လူမျိုးရှိနေတဲ့ လမ်းမပေါ်မှာ ဒီလူ ပိုက်ဆံထုတ်ရေနေတာ တော်တော်တုံးတဲ့ ငနုံပဲလို့ စိတ်ထဲတွေးမိတယ်။ ဒီလိုလူမျိုးဆီကမှ ဓားပြမတိုက်ရင် ဘယ်ဖြစ်မလဲလို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် ချက်ချင်းတော့ ထမလုပ်ဘူး။ သူ့အခြေအနေကို တစ်ရက် နှစ်ရက်လောက် ဆက်တိုက် အကဲခတ်လိုက်သေးတယ်။ ဒီလူက တရားမဝင် ထီလိုမျိုးကိစ္စလုပ်ပြီး လူတွေဆီက ငွေရှာနေတယ်ဆိုတာ ကျွန်တော် နားလည်လိုက်တယ်။ တောင်ပိုင်းမှာ ဒီလို အလုပ်မျိုး လုပ်စားသူက ခပ်ရှားရှားရယ်။ ဒီလူက နေ့လယ်လောက်ဆို သူ့အလုပ်ပြီးလို့ ဒီအချိန်ဆို ငွေတွေလည်း သူ့လက်ထဲ ရှိနေပြီ။

ရောက်ခါစ ရက်တွေတုန်းကတော့ အလစ်သုတ်ခဲ့လို့ အစားအသောက်လေးတွေ ရရင် စားလိုက်၊ ကျောက်မီးသွေး သိုလှောင်ခန်းလေးထဲမှာ နေလိုက်နဲ့ပဲ ဘဝကို ဖြတ်သန်းခဲ့တယ်။ ဒီနေ့တော့ နယူးယောက်မြို့ကြီးမှာ

ကျွန်တော့်အတွက် ပထမဆုံး ရာဇဝတ်ကို ကျူးလွန်တော့မယ်လို့ ဆုံးဖြတ်ထားတယ်။ မနက်ဆယ်နာရီဆို တော်တော်လေး လူတွေလည်း ရှုပ်ယှက်ခတ်နေပြီ။ နံပါတ်ရောင်းတဲ့သူကလည်း သူ့အလုပ်ပြီးလို့ ထုံးစံအတိုင်း ပိုက်ဆံရေဖို့ တံတွေးဆွတ်မလို့ လုပ်နေတုန်း သူ့နောက်မှာ ရောက်နေတဲ့ ကျွန်တော်က လက်တစ်ဖက်နဲ့ သူကိုင်ထားတဲ့ ငွေတွေ အကုန်လုံးကို သုတ်ပြီးပြေးတာပေါ့။

"ဟေ့ကောင်၊ ငါ့ပိုက်ဆံပြန်ပေးစမ်း အမည်းကောင်"ဆိုပြီး အော်တယ်။ ပြီးတော့ နောက်ကနေ ပြေးလိုက်ပေါ့။ ဒါပေမဲ့လည်း ရှူးဖိနပ်အကျပ် ကြီး ဝတ်ထားတဲ့ ဒီလူက ကျွန်တော့်လို ချည်သားဖိနပ် အစုတ်နဲ့ လူအုပ်ကြားထဲ ပြေးဝင်သွားတဲ့ နောက်ကို ဘယ်လိုလိုက်နိုင်မှာလဲဗျာ။

ဒီလိုနဲ့ ကျွန်တော်လည်း တိုက်ကြားထဲတွေကနေ လစ်ရင်းနဲ့ပဲ ကျွန်တော့် ကျောက်မီးသွေး ခန်းလေးထဲကို ပြန်ရောက်လာခဲ့တယ်။ ငွေတွေ ထုတ်ရေကြည့်လိုက်တော့ ဒေါ်လာ ၁၀၀ ဖြစ်နေတယ်။ ကျွန်တော် ပထမဆုံး အင်တာဗျူး အောင်တဲ့နေ့လို့ပဲ ပြောရမှာပဲဗျ။

နောက်ရက်မှာတော့ လူတွေဆီက ကျွန်တော် အမြဲလိုလို ထပ်ကြားနေရတဲ့ အသံတွေကတော့...

"ဟာ ဟေ့ကောင် ငါ့ပိုက်ဆံ ဘာလို့ မသွားတာလဲ"

"မအေပေး၊ ခွေးကောင် သူခိုးလုသွားတယ် ပိုက်ဆံတွေကို"

"တစ်ယောက်ယောက် လုပ်ပါဦး၊ ရဲခေါ်ကြပါ။ ဒီမှာ ငွေတွေ လုခံရလို့"

"သူ ဒီလမ်းကပဲ ပြေးသွားတာ လုပ်ကြပါဦး၊ လိုက်ကြပါ၊ ငွေလုပြီး ထွက်ပြေးသွားလို့"

ထီသမားလို လူတွေ၊ ဈေးဆိုင်ပိုင်ရှင်တွေ၊ ပစ္စည်းပို့တဲ့သူ၊ အဲလို လူမျိုး

တွေဆီကပဲ ကျွန်တော်လည်း တောက်လျှောက် ငွေလုပြေးတဲ့အလုပ် လုပ်ပါတော့တယ်။ အဲဒီအချိန်မှာ ကျွန်တော့်လက်ထဲ ငွေ တော်တော်လေး ရသွားပြီ။ သေနတ်ကောင်းကောင်း တစ်လက်တောင် ဝယ်လို့ရသွားတဲ့ အနေအထားဗျ။ ကျွန်တော်က လူ့အဖွဲ့အစည်းအတွက် တကယ်ကို အန္တရာယ်ကောင်၊ တရားဝင် ရာဇဝတ်သား လုံးလုံးကို ဖြစ်နေပြီလေ။

ကျွန်တော်က လုံးဝကို တိရစ္ဆာန်တစ်ကောင် လုံးလုံးဖြစ်နေပြီ။ ရှင်သန်မှုတစ်ခုတည်း အတွက် ဘယ်လောက်ပဲ စည်းကမ်းမဲ့ရပါစေ၊ ဥပဒေ ချိုးဖောက်ရပါစေ ကျွန်တော် အသင့်ဖြစ်နေပြီလေ။ ဟာလန်းမှာ ရှိနေတဲ့ အစောပိုင်းလတွေတုန်းက ကျွန်တော် လူသတ်တဲ့ အထိတော့ မကျူးလွန်သေးဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ နောက်ထပ်သားကောင်က ဘယ်သူဖြစ် မလဲဆိုတာတော့ အမြဲပဲ နားစွင့်တယ်၊ မျက်စိဖွင့်ထားတယ်။ နှစ်ပတ်၊ သုံးပတ်လောက် အလုပ်လုပ်ပြီးတဲ့ အချိန်မှာတော့ အခန်းလေးတစ်ခန်း ငှားနေဖို့ ငွေလေး လုံလုံလောက်လောက် ရခဲ့ပြီလေ။ အဲဒီမှာက အစား အသောက်ရော နေစရာပါ ရနိုင်မယ့် လပေးအဆောင် သဘောမျိုးပေါ့။

အဲဒါက ၁၁၈ လမ်းနဲ့ ၇ လမ်းထိပ်မှာ ရှိပြီးတော့ ကျွန်တော် အခုနေနေတဲ့ ကျောက်မီးသွေး သိုလှောင်ခန်းလေးနဲ့ သိပ်မဝေးလှဘူး။ ဒီအခပေး၊ ထမင်းကျွေး အဆောင်လေးကို အဘွားကြီး တစ်ယောက် ပိုင်တယ်။ အဲဒီအဘွားကြီးကလည်း အရက်ခွက်ပုန်း သောက်တဲ့ သူတစ်ယောက်ပဲဗျ။ ကင်တာကီက မစ္စစ်ဂျုံးလိုမျိုးပဲ။ ကျွန်တော် အဲဒီမှာ ရက်သတ္တပတ် တော်တော်များများ နေခဲ့တယ်။ အဲဒီ အခပေးအဆောင်လေးက တော်တော် အိုနေပါပြီ။ နောက်ပိုင်းတော့ အဘွားကြီးနဲ့ ကျွန်တော် တော်တော်လေး ခင်သွားကြတယ်။ ကျွန်တော့်ကို အစားအသောက် တွေလည်း ပိုပိုလျှံလျှံပေးလာတယ်။

အဲဒီအချိန်တုန်းက ပုံမှန်အလုပ်တစ်ခုရဖို့ ကျွန်တော် လုံးဝ မစဉ်းစားထား

ဘူး။ ကျွန်တော့် အစ်ကိုဝမ်းကွဲ ဘဝကို လူမည်းမုန်းတဲ့ အဖွဲ့တွေက သတ်ခဲ့တဲ့ဖြစ်ရပ်က ကျွန်တော့်အတွက် ဘယ်တော့မှာ ကောင်းတာ ပြန်မဖြစ်စေဘူး ဆိုတာကို တထစ်ချ ယုံကြည်ထားတယ်။ ကျွန်တော် ကောင်းတဲ့ အလုပ်တစ်ခုမှ လုပ်မှာမဟုတ်ဘူးလို့ ဆုံးဖြတ်ထားပြီးသားပဲ။ ကလန်လို့ခေါ်တဲ့ လူမည်းမုန်းတီး ဆန့်ကျင်ရေးဆန်ဆန် ဖွဲ့ထားတဲ့အဖွဲ့မှာ သူတို့ စည်းမျဉ်းတွေနဲ့ သူတို့ရှိပြီးသား။ အခု တောင်ပိုင်းမှာလည်း ဒီအဖွဲ့တွေ ရှိပြီးတော့ လူမည်းတွေလည်း သူတို့နဲ့ ဟိုဘက် ဒီဘက် နေနေရသလိုပါပဲ။

ကျွန်တော့်ဘဝမှာက အစ်ကိုဖြစ်တဲ့သူကို သွေးအေးအေးနဲ့ သတ်တဲ့ဖြစ်ရပ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ကြုံခဲ့ရတယ်။ ဒါ့အပြင် မိဘနှစ်ပါးကလည်း အားနည်းလျော့ရဲတဲ့ ဥပဒေတွေကြောင့်ပဲ ဘယ်သူ့အကာအကွယ်မှ မရဘဲ တကွဲတပြားတွေ ဖြစ်ခဲ့ရတယ်။ ဒါကြောင့် အဖြေက ရှင်းပါတယ်။ ဘယ်တော့မှ မှန်ကန်တဲ့ လမ်းကြောင်းဆီ ကျွန်တော် ပြန်ရောက်ဖို့ကို မရှိတာ။ အခုချိန်ကစပြီး ကျွန်တော်က ကျွန်တော့်အတွက် ကိုယ်ပိုင် သံမဏိစည်းမျဉ်းတွေ စပြီး ချမှတ်နေပြီလေ။

ဟာလန်းမှာ နေတဲ့ လူမည်းတွေထဲမှာ အဆင့်အတန်း မြင့်မြင့်နဲ့နေတဲ့ အသိုက်အဝန်းတစ်ခု ရှိတယ်။ သူတို့က တကယ်ကို ခေတ်မီတဲ့ အဆောက်အအုံတွေမှာ နေကြတယ်။ Central Park နဲ့ Mount Morris ဘက်မှာ အနေများကြတယ်။ ၇ လမ်း နဲ့ ၈ လမ်း ကြားမှာရှိတဲ့ ၁၃၈၊ ၁၃၉ လမ်းသွယ်တွေမှာ သူတို့နေထိုင်ကြတယ်။

သူတို့ထဲက အများစုက သူနာပြုတွေ၊ ဆရာဝန်တွေ၊ ကျောင်းဆရာ၊ ဆရာမတွေ၊ ကောလိပ်တွေက ပါမောက္ခတွေ ဖြစ်ကြတယ်။ သူတို့ လူမည်းတွေ အများစုတက်တဲ့ ကောလိပ်တွေကနေ ကျောင်းတွေ ပြီးလာကြတယ်။ ကောင်းမွန်တဲ့ ရှင်သန်ရပ်တည်ရေး ဘဝပုံစံတွေနဲ့ သူတို့ဘဝတွေကို

တည်ဆောက်ထားတာ တွေ့ရတယ်။ သူတို့တွေက တကယ်ကိုပဲ ပညာတတ်တွေ ဖြစ်ကြတယ်။ ကျွန်တော်နဲ့တော့ လုံးဝကို ဆန့်ကျင်ဘက်ပဲလေ။ ကျွန်တော့် အတွက်တော့ ငယ်ငယ်က ကျောင်းတက်ခဲ့တယ်ဆိုတာ မည်ကာမတ္တပဲ။ လုံးဝအခြေခံ ရေးတတ်၊ ဖတ်တတ် အဆင့်ပဲရှိတယ်။ "အ"သုံးလုံး ကြေတယ်ဆိုရုံပဲ ပညာသင်ခွင့်ရခဲ့တယ်။ အဲဒီမှာရှိနေတဲ့ လူမည်းအုပ်စုက တော့ တကယ်ကို စပယ်ရှယ် ပညာရေးနဲ့ သင်ကြားခဲ့တဲ့သူတွေပဲဗျ။ သူတို့က ဝတ်စားဆင်ယင်မှုပိုင်း မှာလည်း တကယ်ကို သပ်သပ်ရပ်ရပ် ရှိကြတယ်။ စကားပြောဆို ဆက်ဆံရေးမှာလည်း တော်တော်ကို အထက်တန်းကျကျ ပြောနိုင်ဆိုနိုင်ကြတယ်။

နောက်ထပ်တစ်ဖွဲ့ကတော့ မြေအောက် ကမ္ဘာပေါ့ဗျာ။ အဲဒီမှာတော့ ပြည့်တန်ဆာတွေ၊ မကောင်းတဲ့သူတွေ မြောက်မြားစွာရှိတယ်။ ဆေးသမားတွေ၊ ဆေးရောင်းတဲ့သူတွေ အများကြီးပဲ။ ပြီးတော့ လောင်းကစားသမား တွေနဲ့ အတူ ငွေကြေးလည်ပတ်မှုလည်း တော်တော်အားကြီးတယ်။ သူတို့ပြောတဲ့ ဘာသာစကားတွေကို ကျွန်တော် ကောင်းကောင်း နားလည်တာလည်းရှိတယ်။ ပြီးတော့ ကျွန်တော်က စာရေးတာ၊ ဖတ်တာလေးတော့ နိုင်နိုင်နင်းနင်း ရှိခဲ့တယ်လို့ ပြောရမယ်ဗျ။

မြေအောက်မှာတော့ ကျွန်တော် ကောင်းကောင်း ရှင်သန်ရပ်တည်နိုင်တဲ့ အခွင့်ရှိတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်ရဲ့ အထူးပြု ဘာသာရပ်လို့ ပြောရမယ့် အရာတွေကို အဲဒီမှာ ကောင်းကောင်း အသုံးချလို့ ရနေတာ ကြောင့်ပါ။ ကျွန်တော် သေချာပြောနိုင်တာက အဲဒီ အခေါင်းထဲမှာ ကျွန်တော် အလုပ်လုပ်လို့ ရတယ်ဆိုတာကိုပဲ။ အဲဒီမှာက မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ရချင်ရင်တော့ ပိုက်ဆံပေးလိုက်ရင် အကုန်ရပြီသာမှတ်ပဲ။ အဲဒီ လမ်းကြောင်း ရွေးပြီဆိုရင်လည်း ကုန်ပေါက်လို့သာမှတ်၊ ပြီး

ရင်တော့ အဲဒီလူ မကြာခင် လစ်တော့မယ် ဆိုတာလည်း သဘောပေါက်။ ကျွန်တော်ကတော့ ရှင်းတယ်။ မိန်းမတစ်ယောက် လုပ်ရဖို့ အတွက်နဲ့တော့ ကျွန်တော့် ပိုက်ဆံဘယ်တော့မှ အလဟဿ အကုန်မခံဘူးလို့ ဆုံးဖြတ်ချက် ချထားတယ် လေ။ အဲဒါနဲ့တော့ ဘယ်တော့မှ အကုန်မခံလေနဲ့ ကိုယ့်လူ။

အဲဒီမှာ နေမယ်ဆိုရင်တော့ ခင်ဗျားမှာ အဆက်အသွယ် ကောင်းကောင်း လိုတယ်။ ပြီးတော့ ဘာပြီးရင် ဘာလုပ်ရမယ် ဆိုတာလည်း သိနေဖို့လို တယ်။ ကျွန်တော်က ကျွန်တော်လုပ်ရမှာ ကျွန်တော် သိနေပြီ။ ဘယ်လို စားပြင်တိုက်ရမယ်။ ဘယ်လို ထွက်ပြေးရမယ် ဆိုတာက အစပေါ့ဗျာ။

ဒါပေမဲ့ ကျွန်တော် လိုနေတာက ပိုက်ဆံကို ဘယ်လိုမြန်မြန် ရအောင် လုပ်ရမယ်၊ ပြီးတော့ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ဘယ်လို အလုပ် လုပ်ရမလဲ၊ ပြီးတော့ ငွေရပေါက်တွေကို ဘယ်လိုဖန်တီး ယူရမ လဲဆိုတဲ့ အပိုင်းတွေမှာတော့ တော်တော်လေး အားနည်း နေသေးတယ်ဗျာ။

လနည်းနည်း ကြာအောင် ဟာလန်းမှာနေပြီးတော့ နောက်ပိုင်းမှာ ကျွန် တော့်ကို ခိုး၊ နှိုက်၊ လုတဲ့ကိစ္စတွေမှာ ဖမ်းမမိအောင် ကောင်းကောင်း အစီအစဉ်တကျ ကျွန်တော်လုပ်နိုင်ခဲ့တယ်။ တစ်ရက်မှာ ဖလက်ချာလို့ခေါ် တဲ့ သူတစ်ယောက်နဲ့ ကျွန်တော်ချိတ်မိတယ်။ သူက ဟီရိုးအင်းလို့ ခေါ်တဲ့ ဘိန်းဖြူအရောင်း အဝယ်လုပ်တဲ့ သူတစ်ယောက် ပေါ့ဗျာ။ ကျွန်တော်တို့ နှစ်ယောက် ၁၁၆ လမ်းနဲ့ ၈ လမ်းထိပ်က ဟော့ဒေါ့ဆိုင်လေးမှာ စကား ပြောဖြစ်ကြတယ်။ အဲဒီမှာ ကျွန်တော် သတိထားလိုက်မိတဲ့ နာမည်တစ်ခု က အမ်ပီလို့ခေါ်တဲ့ နာမည်၊ အဲဒီသူက ကျွန်တော့်အဖေရဲ့ အစ်ကိုဝမ်းကွဲ ဖြစ်နေတယ်။

"မြောက်ကယ်ရိုးလိုင်းနားက အမ်ပီလေကွာ" လို့ ဖလက်ချာက ပြောလာ တော့ ပိုပြီး ကျိန်းသေသွားတာပေါ့။

ဖလက်ချာက အမ်ပီနဲ့ တော်တော် ရင်းရင်းနှီးနှီး ရှိပုံရတယ်။ ကျွန်တော်တို့ နှစ်ယောက် ရယ်မောပြီး စကားတွေ ပြောလိုက်ကြတာ အချိန်တော်တော်ကြာတဲ့ အထိပဲဗျာ။ အဲဒီက စားသောက်လို့ ကုန်ကျတဲ့ ငါးဒေါ်လာကို ကျွန်တော် ရှင်းခဲ့လိုက်တယ်။ နောက်ပိုင်းလည်း သူနဲ့ ကျွန်တော် အမြဲလိုလို ဆုံတွေ့ဖြစ်သွားကြတယ်။

ဖလက်ချာက တကယ့်ကို ဆေးသမား၊ ဆေးစွဲနေတဲ့သူပဲဗျို့။ ဆေးလောကမှာ ကျွန်တော် ပထမဆုံး ပတ်သက်ဖြစ်တဲ့ သူလို့လည်း ပြောရင် မမှားဘူးဗျာ။ နောက်ပိုင်းမှာ သူ့ရဲ့ ဆေးသမား ဘော်ဒါတွေနဲ့ ကျွန်တော် အများကြီး ဆုံဖြစ်ခဲ့တယ်။ အဲဒီလူတွေ ကြည့်ရတာ တော်တော်လည်း သနားဖို့ ကောင်းပါတယ်။ တကယ်ကို ဆေးစွဲနေတဲ့အဖွဲ့ပဲ။

ဆေးနဲ့ပတ်သက်ရင် တော်တော်ကို စွဲလမ်းအားကြီးတယ်။ နေ မကောင်းတဲ့ သူတွေလိုပဲ၊ လက်ထဲမှာလည်း အမြဲအပ်တန်းလန်းနဲ့ ဆေးသွင်းဖို့ပဲ ကြိုးစားနေကြတယ်။ ကျွန်တော် မြင်ဖူးသမျှထဲမှာတော့ တော်တော်ကို ရပ်ပေါက်လွန်းတဲ့ မြင်ကွင်းမျိုးပဲဗျာ။

ဖလက်ချာက ငွေအချို့ပေးပြီး ကျွန်တော့်ကို ဆေးဝယ်ဖို့ လွှတ်လေ့ရှိတယ်။ ဆေးသမားတွေက သူတို့ လိုတဲ့ဆေးဝယ်ဖို့တော့ ငွေရှိကြသားပဲ၊ သူတို့ ဘယ်လောက် အခြေအနေ ဆိုးဆိုး သူတို့ဆေးဝယ်ဖို့ ပိုက်ဆံကိုတော့ ကောင်းကောင်း စီမံတတ်ကြတယ်ဗျာ။ ကျွန်တော် သဘောပေါက် လိုက်တာ တစ်ခုကတော့ ဒီလူတွေဆီကနေ ငါ ကောင်းကောင်း အလုပ် လုပ်လို့ ရနိုင်တယ်ဆိုတယ်ဆိုပြီး သိလိုက်တယ်။

နောက်ရက်က စပြီး ကျွန်တော် သေချာ လိုက်လေ့လာတော့တယ်။ လမ်းပေါ်မှာ ဆေးရောင်းတဲ့သူတွေ ဘယ်ပုံဘယ်နည်းတွေ ရောင်းနေကြလဲ စသဖြင့်ပေါ့။ မနက်ပိုင်းဆို ဆေးရောင်းသူ အများစုက ထွက်လာလေ့ရှိကြ

တယ်။ စာအိတ်လိုလို အိတ်သေးသေးလေး တွေနဲ့ လက်ဆင့်ကမ်း အရောင်းအဝယ်လေးတွေ လုပ်လုပ်သွားကြတယ်။ ပြီးတော့ ခဏနေရင် သူတို့ မရှိကြတော့ဘူး။ ကြက်ပျောက်၊ ငှက်ပျောက်ပဲလေ။

အဲဒီထဲကမှ တစ်ယောက်ကို ကျွန်တော် သတိထားမိလိုက်တယ်။ အဲဒီလူက အလုပ်လုပ်တာ တည်ငြိမ်တယ်၊ သေသပ်တယ်။ တစ်ယောက်တည်းပဲ လုပ်တယ်။ လူတော်တော်များက စုပုံအောတိုက်ပြီး သူ့ဆီက ဝယ်ကြတယ်။ သူ့လက်ထဲ ငွေတော်တော်များများ ရရသွားတာ တွေ့ရတယ်။ ကျွန်တော် တော်တော် သဘောကျသွားတယ်။

"အဲဒီလူက ဘယ်သူလဲဗျာ" ကျွန်တော်က ဖလက်ချာကို တစ်ညမှာ မေးတော့...

"အသက်ခပ်ကြီးကြီးနဲ့ လူတစ်ယောက်ဗျာ၊ သေချာ အရောင်းအဝယ် လုပ်တာဗျ"

"မင်းသူ့ကို ဘယ်မှာတွေ့ခဲ့တာလဲ၊ ဘယ်မှာ ရှာလို့ရလဲ။"

"၁၁၆ လမ်းနားက ဂျင်ဒန်နီ ဘားနားပဲ"

နောက်နေ့ကျတော့ ကျွန်တော်တို့ အဲဒီကို သွားကြတယ်။ ဂျယ်ရီဆိုတဲ့ သူငယ်ချင်း တစ်ယောက်လည်း ပါတယ်။ ဂျယ်ရီကို ဖလက်ချာကပဲ မိတ်ဆက်ပေးထားတာ။ ဂျယ်ရီက အဲဒီအသက်ကြီးကြီးနဲ့သူကို ကောင်းကောင်း သိတဲ့ထဲ ပါတယ်။ သူကတစ်ဆင့်ပဲ အဲဒီလူကြီးနဲ့ သိနိုင်ဖို့ အခွင့်ရှိမယ်။ ဒီကိစ္စတွေမှာ။ တစ်ယောက်တည်း သွားပြီး မိတ်ဆက်၊ ကိုယ့်ဘာသာ သွားပြီး ဝယ်လို့မရဘူး။ တကယ်လို့ ခင်ဗျားနဲ့သူ မျက်မှန်းတန်းမိနေတယ် ဆိုရင်တောင်မှ ကြားခံ မိတ်ဆက်ပေးမယ့်သူ မရှိရင် အလုပ်မဖြစ်တတ်ဘူး။

ဂျယ်ရီနဲ့ ကျွန်တော် ဘားမှာ ထိုင်ပြီးတော့ အဲဒီလူကြီးရှိတဲ့ နေရာကို

ကျွန်တော်တို့ သွားကြတယ်။

"ရှိသေးလားဗျ တစ်ခုခု"

"ဘာလိုချင်တာလဲ ကောင်လေး"

"သူ လိုချင်တာဗျ" ဂျယ်ရီက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြလိုက်တယ်။

"ဘယ်လောက်လိုတာလဲ"

"တစ်အောင်စ တစ်ဝက်လောက်ပဲဗျာ""

"နောက်ထပ် ၄၅ မိနစ် နေရင် ပြန်လာခဲ့လိုက်""

ဒေါ်လာ ၃၀၀ ဖိုး ဝယ်လာခဲ့လိုက်တယ်။ ကျွန်တော့်ဘဝမှာ ပထမဆုံးဝယ်ဖူးတဲ့ ဘိန်းဖြူ အောင်စဝက်ပဲဗျာ။ စာအိတ် အညိုလေးထဲ ထည့်ပေးလိုက်တယ်။ ကိစ္စပြီးတာနဲ့ ကျွန်တော်တို့လည်း အဲဒီဘားနားက ခွာလာခဲ့တယ်။

ဘယ်သူလဲတော့ ကျွန်တော် သေချာ မမှတ်မိတော့ဘူး။ ဖြစ်ဖို့ များတာကတော့ ဖလက်ချာပဲ ဖြစ်မှာပါ။ ကျွန်တော့်ကို ဘိန်းဖြူကို လမ်းပေါ်မှာ ပြန်ရောင်းဖို့ ဘယ်လိုလုပ်ရမလဲ ဆိုတာ ပြင်ဆင်နည်း ပေးခဲ့တာပေါ့ဗျာ။

ကွီနိုင်း (ငှက်ဖျားဆေး)၊ ဘိုနီတာ (ကလေးပေါင်ဒါမုန့်)၊ အဲဒါတွေနဲ့ ဘိန်းဖြူကို ဘယ်လိုရောရမလဲ ကျွန်တော် သိလာတယ်။ ၆၀ ရာခိုင်နှုန်း ဘိန်းဖြူနဲ့ ၄၀ ရာခိုင်နှုန်း အဲဒီအမှုန့်နှစ်ခုကို သေချာရောပြီး အထုပ်လေးတွေ ပြန်ထုပ်ရတာပေါ့ဗျာ။ အချို့ကလည်း အဲဒီ ဖော်မြူလာက ဘိန်းဖြူဖြတ်တဲ့ အခါမှာ သုံးတဲ့ဟာလည်း ပြောကြပြန်တယ်။

ပစ္စည်းဝယ် ပြန်လာကတည်းက အနီးဆုံး ဆေးဆိုင်ဝင်ပြီး ကွီနိုင်းနဲ့ဘိုနီတာကို တစ်ခါတည်း ဝယ်ခဲ့တယ်။ ပြီးတော့ စပြီးရောတဲ့ အလုပ်တွေ လုပ်တော့တာပဲလေ။

ဘိန်းဖြူမှာတောင် သုံးမျိုး ရှိပြန်တယ်။ ထိုင်းနိုင်ငံက လာတဲ့ဟာက အဝါရောင်ဖြစ်တယ်။ မက္ကာဆီကိုက လာတဲ့ဟာက အညိုရောင်၊ အခု အဲဒီလူကြီးဆီက ရလာတာက အဖြူရောင်၊ ဒီအရောင်က ဥရောပနိုင်ငံတွေက ထွက်တာလို့ ပြောကြတယ်။

နောက်တစ် ရက်တော့ပ် ကျွန်တော် အလုပ်အသစ်ရပြီလေ။ မနက်ခင်း ရာသီဥတုလေး ကလည်း ခပ်မိုက်မိုက်လေးပဲ။ လယ်သာအင်္ကျီ အမည်းကို ဝတ်၊ ရှူးဖိနပ်အမြင့်နဲ့ ကောင်းဘွိုင်ဦးထုပ် ဆောင်းပြီး ထွက်လာခဲ့တယ်။

သုံးနာရီပဲ အလုပ်လုပ်ရတယ်။ လက်ထဲ ဒေါ်လာ ၉၀၀ ရနေပြီ လေ။ အဘိုးကြီးဆီက ဝယ်ပြီး နောက်ပိုင်း ကျွန်တော့်လက်ထဲ သုံးဆ ငွေတွေ ပွားသွားတယ်။ ချက်ချင်းပဲ ကျွန်တော် နေ့ခင်းထိတောင် မစောင့်နိုင်ဘဲ အဘိုးကြီးဆီကို ထပ်ပြေးရတော့တယ်။

"ကျွန်တော့်ကို တစ်အောင်စ အပြည့်ပေးပါ" လို့ အဘိုးကြီးကို ပြောတယ်။ ပြီးတော့ ဒေါ်လာ ၆၀၀ ထုတ်ပေးလိုက်တယ်။

"တစ်နာရီလောက်နေရင် ပြန်လာခဲ့လိုက်" လို့ သူက ပြောပြီး ထွက် သွားတယ်။

အိမ်ပြန်ရောက်တာနဲ့ ခပ်သွက်သွက်ပဲ ပြင်ဆင်ရတော့တယ်။ မြန်မြန် ထုပ်ပိုး။ နောက်နေ့ မနက်ဆယ်နာရီကျတော့ အခုလိုပဲ ထပ်ရောင်းပေ့ါဗျာ။ အဲဒီနေ့လည်း အကုန် ကုန်အောင် ရောင်းခဲ့ရတယ်။ ဘားနားကို ကျွန်တော် ပြန်၊ အဘိုးကြီးနဲ့တွေ့ဖို့၊ ဒါပေမဲ့ ဘိုးတော်ကြီးက အဲဒီနေ့က မရှိဘူး။ နောက်နေ့ မိုးလင်းပေါက်ထိ ကျွန်တော် စောင့်နေခဲ့ရတယ်။ မနက်မှတွေ့တော့ နှစ်အောင်စ ဝယ်လာခဲ့လိုက်တယ်။ အဘိုးကြီးဆီက ရတဲ့ဟာကို ကျွန်တော် နှစ်ဆမြတ်အောင် လုပ်နိုင်ခဲ့တယ်။ တစ်ရက် တစ်ရက်ဆို နှစ်ခါလောက် ပစ္စည်း ပြန်ပြန်မှာရတာတွေ ရှိပြန်တယ်။

ပိုက်ဆံ မြန်မြန်ရတဲ့ အလုပ်လို့ပဲ ပြောရမယ်၊ လူတွေဆီက လုပြေး၊ ခိုးပြေးရတာထက်တော့ တော်တော်လေး သက်သာတယ်။ အင်အားလည်း သိပ်မကုန်ဘူးဗျာ။ ထိပ်တိုက် ရင်ဆိုင် ရတာမျိုးတွေ၊ အရှိန်သုံးပြီး လုပ်ရတာမျိုးတွေမှာ တော်တော်လေး သက်သာသွားတယ်။ ပစ္စည်းဝယ်၊ အိမ်ပြန်အထုပ်ထုပ်၊ ကိုယ့်ဝယ်သူတွေကိုစောင့် ဒါလေးပဲ လုပ်ရတာပါ။

ဒေါ်လာ ၃၀၀ နဲ့ အရင်းလုပ်ခဲ့တာ တစ်ပတ်အတွင်းမှာပဲ ဒေါ်လာ ၃၀၀၀ ထိ ကျွန်တော် ရခဲ့ပါပြီ။ အရမ်းကို လွယ်လွယ်နဲ့ ရခဲ့တာပါ။ ဒီအချိန်မှာ ကျွန်တော့်အတွက် အာရုံလှည့်စရာက ဟာလန်းမှာရှိတဲ့ မိန်းမတွေဘက်ပဲ။ အဲဒီနေရာတွေကို ကျွန်တော် သွားခဲ့တယ်။ ကောင်မလေးတွေ ဘာတွေများ ရမလားပေါ့။ တကယ်တော့ အဲဒီအတွက် ငွေသုံးဖို့အတွက်ကို။ ကျွန်တော် တော်တော်လေး နှမြောမိတယ်။

ဒါနဲ့ပဲ ကျွန်တော် အိမ်ခန်း အသစ်လေးရအောင် ရှာဖို့ ပြင်ဆင်တယ်။ ကျွန်တော့်ရဲ့ လူမှုဘဝလေး လန်းလန်းဆန်းဆန်းနဲ့ အစပြုနိုင်ဖို့ ပေါ့ဗျာ။ ဗဟိုပန်းခြံနားက လမ်းသွယ် ၇ နားမှာ နေဖို့ အခန်းလေး တစ်ခန်းရခဲ့တယ်။ အိပ်ခန်းလေး တစ်ခန်းနဲ့ မီးဖိုခန်းလေး တစ်ခန်းပါတယ်။ ၁၆ ထပ်မှာ နေရတယ်။ ပြတင်းပေါက်က ကြည့်လိုက်ရင်တော့ တော်တော်လေးကို လှပတဲ့ ရှုခင်းပဲဗျာ။ ငှားခတစ်လကို ဒေါ်လာ ၁၀၀ ကျတယ်။ အခြားအခတွေ ဘာတွေ ပေါင်းလိုက်ရင် ဒေါ်လာ ၅၀ က ဘာကြေးညာကြေးပေါ့။

အခန်းလေးထဲမှာ ပရိဘောဂ အစုံပါတယ်။ ဒါပေမဲ့ အဲဒါတွေ ကျွန်တော် တစ်ခုမှ မကြိုက်လို့ အကုန်ပထုတ်လိုက်တယ်။ လယ်သာဆိုဖာရယ် ထိုင်ဖို့ စားပွဲကုလားထိုင် ကောင်းကောင်းတွေ ဝယ်ပြီး ဧည့်ခန်းမှာ ကျကျနန ထားလိုက်တယ်။ ဒေါ်လာ ၉၀ နဲ့ မီးဆိုင်းအသစ်တွေ ဝယ်လဲ လိုက်တယ်။

ကျွန်တော်က အရပ်လည်း တော်တော်ရှည်လာတယ်။ ပိန်ပိန်ပါးပါး၊

ရုပ်ရည်ကလည်း ကြည့်ကောင်းတဲ့ထဲ ပါတယ်။ အဝတ်အစားမှာတော့ ကျွန်တော် လယ်သာအင်္ကျီ အရောင်အမျိုးမျိုး ဝယ်ထားတယ်။ အပေါ်ထပ် ကုတ်တွေ များတယ်။ မြို့ထဲမှာ သေချာ ဖန်စီကျကျရောင်းတဲ့ ဆိုင်တွေကပဲ ကျွန်တော် ဝယ်လိုက်တယ်။

ပြောဖို့တောင် မလိုတာကတော့... နယူးယောက်မှာရှိတဲ့ ကောင်မလေး တော်တော် များများက ကျွန်တော့် ခြေထောက်အောက်မှာ ကျဆုံးသွားကြ တာ များတယ်။ အသက်အရွယ် အစုံပဲဗျာ။ အဘွားကြီးက စလို့ ဆယ်ကျော်သက်လေး ထိအောင်ပဲဗျို့။

တစ်ရက်ကျတော့... ၁၁၈ လမ်းနဲ့ ၈ လမ်းသွယ်နားမှာ မိတ်ဆွေတစ် ယောက် ရတယ်။ သူ့နာမည်က ရက်ဖ်။ သူက အဲဒီနားမှာ ကားရေဆေးလေ့ ရှိတယ်။ အဲဒီတုန်းက ကျွန်တော့်ကားက ကားဒီလက်ဒ် အတွင်းခန်းက အနီ နဲ့အနက် လယ်သာပတ်လည်နဲ့ဗျာ။ ကျွန်တော့်ကားနဲ့ပဲ သူ အမြဲ လိုက်စီး လေ့ရှိတယ်။ သူတို့ဆီ သွားလည်တဲ့နေရမှာ သူ့မိန်းမရဲ့ တူမလေးတွေက သူ တို့အိမ် ရောက်နေကြတယ်။

ကျေးလက် စတိုင်အပြည့်နဲ့ ကောင်မလေးပဲ။ ရက်ဖ်ရဲ့အိမ်နားမှာ ကျွန်တော် ရပ်နေတုန်း သူနဲ့တွေ့ခဲ့တာပေါ့။ သူကလည်း ကျွန်တော့်ကို စကားလာပြောတယ်လေ။

"နာမည် ဘယ်လိုခေါ်လဲ မသိဘူး"

"အန်နာဘဲလ်ပါ"

"ကျွန်တော်က ဖရန့် လူးကပ်စ်"

သူရဲ့အသံက တကယ်ကို တောင်ပိုင်း လေသံဝဲဝဲလေး၊ ပြီးတော့ ခပ်ရှက် ရှက်နဲ့ ပြုံးတဲ့ အပြုံးမျိုးလေးပေါ့ဗျာ။

"မင်း တကယ်တော့ ဒီမှာနေတာ မဟုတ်ဘူးမို့လား" လို့ ကျွန်တော်က စ မေးလိုက်တယ်။

သူက... "ဟုတ်တယ် အလုပ်ကိစ္စလေးရှိလို့ ဒီကို ခဏရောက် နေတာ လေ"

"ဟုတ်လား"

"ဟုတ်ကဲ့"

"အပြင်လေး ဘာလေး သွားကြမယ်လေ အန်နာဘဲလ်ရေ"

"ကျွန်မနဲ့လား"

ကျွန်တော့်ကားပေါ် သူ လိုက်လာခဲ့တယ်။ သူ့မျက်နှာ တကယ်ကို ရင်ဖိုနေတဲ့ မျက်နှာထားပါပဲ။

"မင်း ဖရန့်လူးကပ်စ်နဲ့ လိုက်လာရတာပါ၊ မင်း ဘာမှကြောက်နေဖို့ မလိုဘူး၊ မင်း ဒုက္ခရောက်မယ့် အလုပ် ဘာမှမလုပ်ဘူးဆိုတာ ယုံ၊ မင်း ဖြစ်ချင်တာတွေပဲ အကုန်လုပ်ပေးဖို့ပဲ ရှိမှာပါ" လို့ ကျွန်တော် ပြောလိုက်တယ်။ ဒီနေရာမှာ အန်နာအကြောင်း နည်းနည်း ပြောပြမယ်။ သူက ချောတဲ့ မိန်းကလေးထဲ မပါဘူးဗျ။ အရပ်ပုပုပဲ၊ မျက်နှာက ဝိုင်းဝိုင်း၊ ဆံပင်ကတော့ တော်တော်လေးလှတယ် ပြောရမယ်။ ခန္ဓာကိုယ် အဆစ်အပေါက်ကတော့ မိုက်တယ်။ ကျွန်တော့်ဘေးမှာ ကပ်နေတဲ့ ကောင်မလေး အချို့လောက်တော့ သူက မလှပါဘူး။ ဒါပေမဲ့ ဘာလဲတော့ မသိဘူး။ ကျွန်တော် သူ့ကို ကြိုက်နေမိတယ်။ သေချာတာကတော့ ခန္ဓာကိုယ်အချိုး အစားကိုပဲ ဖြစ်မှာပါ။

အန်နာကို ဘေဘီဂရင်း စားသောက်ဆိုင်ကို ကျွန်တော် ခေါ်လာခဲ့တယ်။ အဲဒီညက ရာဆယ်လ်နဲ့ မာက်မင်းတို့ရဲ့ ဖျော်ဖြေပွဲရှိတယ်။ ကျွန်တော် စီစဉ်

ထားတာက အဲဒီပွဲပြီးရင် သူ့ကို ရက်ဖ်တို့အိမ်ကို ပြန်လိုက်ပို့မယ်ပေါ့။ ဒါပေမဲ့ သူ့ကို ကျွန်တော့်အခန်းကိုပဲ ခေါ်လာခဲ့မိတယ်။ ကျွန်တော် တစ်ခု တက်ယူဖို့ ရှိလို့ပါ။ အန်နာကို ကားပေါ်မှာ ခဏ ထိုင်စောင့်ခိုင်းထားခဲ့တယ်။

"ငါ မင်းနဲ့ လိုက်လာခဲ့မယ်လေ"လို့ အန်နာက စပြောလာတယ်။

ကျွန်တော် အန်နာကို နှစ်ခါ ပြန်ကြည့်မိလိုက်တယ်။ တစ်စုံတစ်ခုကို သိနေကြတဲ့ အကြည့်မျိုးနဲ့ သူကလည်း ပြန်ကြည့်လာတယ်။ ပန်းခြံထဲမှာ ကားထိုးပြီး ကျွန်တော်နဲ့ အန်နာလည်း အခန်းပေါ် အမြန် တက်လာခဲ့ကြတယ်လေ။ သူမ ရေချိုးပြီးတော့ ကျွန်တော့်ရှပ်အင်္ကျီလေး တစ်ထည်ကို ကောက်ဝတ်လိုက်တယ်။ ကြယ်သီးတော့ လုံးဝ မတပ်ခဲ့ဘူးပေါ့ဗျာ။

အဲဒီတုန်းက ကျွန်တော် အသက်ဆယ့်ခုနစ် ပြည့်ပြီးပြီပေါ့ဗျာ။ ကျွန်တော်လည်း ခြေထောက်လေး လှုပ်ပြီး ထိုင်ကြည့်နေတယ်။ ဒီညအတွက် အန်နာ ဘာတွေများ လုပ်ပေးမလဲ ဆိုတဲ့အရာကို ကြည့်နေမိတယ်။ တကယ်ကို ကျေးတောသူလေး အန်နာက ခုတင်ပေါ်မှာလည်း တကယ်ကို ရိုးရှင်းလွန်းလှပါတယ်ဗျာ။ ကျွန်တော် အခန်းကနေ နှစ်ရက်လောက် ဘယ်မှကို မသွားဖြစ်တော့ဘူးဗျို့။ နောက်ရက်မှပဲ သူ့ကို ရက်ဖ်ကို အိမ်ပြန်ပို့ ပေးလိုက်ရတယ်။ ပန်းခြံထဲမှာ ကားကို ဒီတိုင်းကြီး ရပ်ထားခဲ့လို့ ချလန်တွေ ငါးစောင်လောက် ကပ်ထားခံရသေးတယ်။

ကျွန်တော်နဲ့အန်နာ ဟိုသွား၊ ဒီသွား အမြဲလိုလို ရှိခဲ့ကြတယ်။ တစ်ချိန်တည်းမှာပဲ နယူးယောက်က အခြားမိန်းကလေး အချို့နဲ့လည်း အတွဲခုတ်လျက်ပဲပေါ့။ တကယ့်ကို ခပ်ဆိုးဆိုးထဲက ကောင်မလေးတွေနဲ့ ပတ်သက်မိတာမျိုးဗျို့။ အတော်များများ ကတော့ ကျွန်တော့်ရဲ့ မိန်းကလေး ဖြစ်ချင်ကြတဲ့သူချည်းပါပဲ။ အန်နာကတော့ အဲဒီလိုမျိုးပုံ မရှိဘူးလေ။ ဒါပေမဲ့

ကျွန်တော်ကတော့ သူ့ကို ချစ်မိနေတဲ့ ပုံမျိုးတော့ ဖြစ်နေတယ်ဗျာ။

ကျွန်တော့်အလုပ်ကလည်း မနက်ဆို ပုံမှန်လုပ်ရလေ့ရှိတယ်။ ဘိန်းဖြူရောင်းတယ်။ အရေအတွက်လည်း တစ်နေ့ထက် တစ်နေ့ ပိုပိုပြီးတော့ မှာရတယ်။ အိမ်ပြန်လာတာနဲ့ အိပ်ကလည်း ဖောင်းကားနေတော့ တာပဲ။ များများရောင်းနိုင်လေ၊ များများပိုက်ဆံရလေပဲ။ များများဝယ်၊ များများစပ်၊ များများရောင်းဆိုတဲ့ သဘောတရားပဲ။ ဒါပေမဲ့ အဲဒီ စက်ဝန်းကြီးကိုတော့ သိပ်မကြိုက်သလို ခံစားမိတယ်။ ကျွန်တော် ဒုတိယမြောက် ကားဒီလက်စ် ကားတစ်စီး ထပ်ဝယ်လိုက်တယ်။ အတွင်းခန်းက မိုးပြာရောင်လေးနဲ့ဗျ။ အဲဒီတုန်းကတော့ အချိန်တစ်နှစ် အတွင်းမှာ တော်တော်လေး အောင်မြင်ခဲ့တယ်လို့ ပြောရမယ်။ ဘဝတစ်ခုလုံး ပြည့်စုံတယ်လို့လည်း ခံစားမိတယ်။ ဘယ်လိုတောင် ခံစားမိလဲဆိုရင် ကမ္ဘာကြီး တစ်ခုလုံးပေါ်မှာ တက်ထိုင် နေမိလားတောင် ခံစားမိတယ်ဗျာ။

အဲဒီနောက်မှာတော့ ဒခ်ချ်နဲ့ ပက်ပိုတို့ဆီ ကျွန်တော် ထွက်ပြေးခဲ့ရတယ်ပေ့ါ။ အဲဒီလူ နှစ်ယောက်က ကျွန်တော့်ဘဝကို လာမယ့်နှစ်အတွင်းမှာ အကြီးအကျယ် ပြောင်းလဲစေခဲ့တဲ့ သူတွေလို့လည်း ပြောနိုင်ပါတယ်။

***

(၃)

မြေအောက်ကမ္ဘာမှာတော့ ရဲဆိုတာ လောင်းကစားသမားတွေနဲ့ မူးယစ်ဆေးဝါး ပစ်သူတွေအတွက် အကြီးဆုံး ဘုံရန်သူကြီးပေါ့။ အလုပ်သဘောအရ တစ်ခါတလေလည်း လိုက်လျောညီထွေ ဆက်ဆံရတာတွေတော့ ရှိတာပေါ့။ ဒီအချက်ကလည်း တစ်ခါတလေ သိပ်တော့လည်း အလုပ်မဖြစ်ပါဘူး။ ဆိုးညစ်တဲ့ ရဲတွေမှာတော့ စည်းကမ်းလည်း မရှိသလို၊ ကျင့်ဝတ်လည်း မရှိပါဘူး။ အချို့လည်း တကယ်ကို လိုင်စင်ရ လူမိုက်တွေလိုပါပဲ။ ရာဇဝတ်သားတွေကို ပေါ်တင်ပဲ ဓားပြတိုက်တယ်၊ ထိုးတယ်၊ ရိုက်တယ်။

ဒခ်ချ်နဲ့ ပက်ပိုတို့ဆိုတဲ့ ရဲနှစ်ယောက်ကို တွေ့ပြီဆိုရင် ကျွန်တော့်အတွက်တော့ အစာအိမ် အောင့်ချင်လာသလို၊ ဖျားချင်လာသလို ခဏခဏ ဖြစ်ရတယ်။

ဒခ်ချ်ရဲ့ အရပ်က ၆ ပေနဲ့ ၅ လက်မရှိတယ်။ ကြွက်သားကြီး တွေကလည်း ကြောက်စရာ တကယ် ကောင်းကောင်းပဲဗျာ။ ကိုယ်အလေးချိန်ကလည်း ပေါင် ၃၀၀ လောက်ရှိပြီး၊ ကျွန်တော့် နှစ်ဆလောက် ရှိတယ်။ တစ်ရက်မှာ သူတို့နဲ့ ထိပ်တိုက်တိုးပါလေရော။

"ဖရန့် လူးကပ်စ်မဟုတ်လား မင်းက" ဆိုပြီး ကျွန်တော့်အင်္ကျီ ကော်လံကနေ ဖမ်းကိုင်ထားတယ်"

"ခင်ဗျားတို့က ကျွန်တော့်ကို ဘာအကြောင်းနဲ့ ဖမ်းမှာလဲဗျ" လို့ ကျွန်တော်က ပြန်မေးတော့...

"ဘာအကြောင်းပြချက် ဆိုတာ မင်းမေးစရာ မလိုဘူး။ မင်းပါးစပ်ကို သာပိတ်ထားလိုက်" လို့ ပက်ပိုက ပြောတယ်။

ဒန်ချ်နဲ့ ပက်ပိုတို့က ကျွန်တော့်က အဆောက်အအုံတစ်ခုရဲ့ နောက်ကို ခေါ်သွားတယ်။ ပြီးတာနဲ့ ပယ်ပယ်နယ်နယ် ထိုးပါလေရော။ ဗိုက်ရော၊ မျက်နှာရော ရစရာမရှိအောင် ကန်ကျောက် ထိုးနှက်ပါလေရောဗျာ။

"လက်ဇင်တန်မှာ မင်းလုယက် ခိုးဆိုးထားတဲ့ ကွင်းဆက်တွေကို ငါတို့အကုန်သိပြီးသား" လို့ ပြောပြောဆိုဆိုနဲ့ ကျွန်တော့်မေးရိုးကို ချိန်ပြီး ထပ်ထိုးပြန်တယ်။

"အဲဒါ မင်းပဲ ဟုတ်တယ်မဟုတ်လား"

"မဟုတ်ပါဘူး။ ကျွန်တော်မှ မဟုတ်ပဲ"လို့ ပြန်ဖြေပါတယ်။"

"ခင်ဗျားတို့က ဘာများ တွေ့ထားလို့လဲ ပြောပါဦး"

"ဒါက ဘာလဲ.. ပက်ပိုက ကျွန်တော့်အိတ်ထဲကို နှိုက်လိုက်တော့ ရွှေနဲ့လုပ်ထားတဲ့ ဟန်းချိန်း လက်ကောက် တစ်ကွင်း ထွက်လာတယ်။

ကျွန်တော့်ကို ရဲကားရှိတဲ့ နေရာကို တရွတ်တိုက်ခေါ်လာကြတယ်။ ကျွန်တော် စိတ်ထဲထင်တာကတော့ ငါ့ကို တစ်နေရာမှာ ချုပ်ထားတော့မယ်ပေါ့။ ဒါပေမဲ့ တကယ်တမ်း အဲဒီလိုတော့ မဟုတ်ဘူး။ သူတို့က ကျွန်တော့်ဆီက ငွေညှစ်ချင်တဲ့ သဘောပါပဲ။ ကျွန်တော်လည်း အဲဒီအခြေအနေကနေ ရုန်းမထွက်နိုင်တဲ့ အခြေအနေဖြစ်လာတယ်။

ဒန်ချ်နဲ့ပက်ပိုတို့ အနိုင်ကျင့်တဲ့ ကိစ္စကလွဲရင် ကျွန်တော့်ဘဝမှာ တော်တော် အဆင်ပြေပါတယ်။ နေစရာ အခန်းကောင်းကောင်း ရှိတယ်။ သုံးနိုင်တာထက် ပိုလျှံတဲ့ ငွေကြေးလည်း ရှိတယ်။ လက်ဖျောက်တီးရင် ကြိုက်တဲ့ ကောင်မလေးမျိုး ရှိနိုင်တယ်။ ကျွန်တော် အိမ်ပြန်လာတိုင်း ရလာ

တဲ့ငွေတွေကို ဘဏ်ထဲ သိပ်မထည့်ဖြစ်ဘူး၊ အင်္ကျီအိတ်တွေထဲ ထားလိုက်၊ အိမ်က အံဆွဲတွေထဲ ထည့်ချင်လည်း ထည့်ထားလိုက်တာမျိုး။ သေသေချာချာ သိမ်းဆည်းတာ၊ စနစ်တကျ လုပ်တာမျိုးတွေ လုံးဝမရှိဘဲ ရှေ့ရေးအတွက်လည်း ပေါ့ပေါ့တန်တန်ပဲ ထားခဲ့မိတယ်။

တစ်ရက်တော့ ကျွန်တော် အလုပ်နားပြီး ကျွန်တော့်ငွေတွေ ပြန်ရေတွက်ကြည့်မိတယ်။ ကျွန်တော် သိမ်းထားသမျှနေရာတွေက လိုက်ထုတ်ပြီးတော့ စစ်းဆေး ရေတွက်ကြည့်တယ်။ သတိထားမိလိုက်တာက စည်းကမ်းတကျ သေချာမလုပ်ထားပါလား ဆိုတာ သိလိုက်တယ်။ ငွေက ရေလိုပဲ တစ်နေရာရာမှာ ယိုပေါက်ရှိနေရင် အဲဒီနေရာကပဲ ထပ်ပြီးတော့ ယိုစိမ့်နေမှာပဲလေ။ ခင်ဗျားအနေနဲ့လည်း ဘယ်လောက်ထိတောင် ဆုံးရှုံးသွားပြီလဲ သေချာ မသိလိုက်ခင်မှာပဲ တော်တော်လေး ကုန်သွားလိမ့်မယ်။ အပေါက်က သေချာလိုက်ပိတ်ပြီး ဖာထေးဖို့ ကြိုးစားချိန်ကျမှ ခင်ဗျားမှာ ဘယ်လောက်ထိ ထိခိုက်မှုအားကြီးလည်း ဆိုတာ ပြန်သုံးသပ်နိုင်မှာ ဖြစ်တယ်။

ကျွန်တော့်ရဲ့ဒေါ်လာသိန်းဂဏန်းလောက် ကုန်သွားတာ သိလိုက်ရတယ်။

တော်တော်လေး ငိုင်သွားတယ်။ ငါ ငွေတွေလည်း တော်တော် ရှာခဲ့နိုင်တယ်။ တော်တော်လည်း ပြောင်သွားပါလား ဆိုပြီး ရက်အနည်းငယ်လောက် စိတ်ဓာတ်ကျပြီး ကျွန်တော် နားနေလိုက်တယ်။ မိဘတွေဆီ ပို့စရာရှိတဲ့ငွေ အနည်းငယ်ကိုတော့ ပို့ပေးလိုက်တယ်။ စိတ်လေလာတဲ့ ကျွန်တော့်အတွက်တော့ လောင်းကစားနဲ့ ထွက်ပေါက်ပေးလာတယ်။ ကျွန်တော် ငယ်ငယ်ကတည်းက အမြဲကစားလေ့ရှိတဲ့ အန်စာဝိုင်းတွေဘက်ကို အာရုံပြန်ရောက်လာတယ်။ အဲဒီမှာ အကြွေးဒေါ်လာ တစ်သောင်းဖိုး ဆော့တာကနေ ဒေါ်လာနှစ်သောင်း အကြွေး တင်လာခဲ့တယ်။ နောက်ပိုင်း တော်တော်လေးကို ရှုံးခဲ့တယ်ပေါ့ဗျာ။

ကျွန်တော် အလုပ်လုပ်ပြီး ရှာထားတဲ့ငွေတွေ တစ်စတစ်စ ဆုံးရှုံးမှု များလာတယ်။ ၁၉၄၈ မှာ ဒေါ်လာတစ်သန်းလောက် ဆုံးရှုံးသွားခဲ့တယ်။ ခြောက်လလောက် ဒီလိုပဲ လောင်းကစား လောကထဲပဲ ကျင်လည်နေတဲ့ ကျွန်တော်၊ ငွေတွေ ပြန်စစ်လိုက်တော့ လက်ထဲမှာ ဒေါ်လာ ၂၅၇,၀၀၀ ပဲ ကျန်တော့ တယ်။ တကယ်တော့ ကျွန်တော်လုပ်ခဲ့တဲ့ လောင်းကစား ငွေပမာဏက အဲအချိန်တုန်းက ဘားကောင်းကောင်း တစ်ခု ဖွင့်လို့ရတယ်လေ။

တကယ်ကို ငွေတွေ အလေအလွင့်နဲ့ ဆုံးရှုံးမှုကြီးပါလား ဆိုပြီး တွေးမိတယ်။ အသက်ငယ်လွန်းတဲ့ ကျွန်တော့်ကို တစ်ယောက်ယောက်က လာပြီးတော့ ဒီငွေတွေကို ဒီလို ရင်းနှီးမြှုပ်နှံရမယ်။ အချို့ကို ဘဏ်ထဲမှာ စုဆောင်းထားရမယ် ဆိုပြီးတော့ လမ်းပြတာမျိုးလည်း မရှိခဲ့ဘူးလေ။ အသုံးအဖြုန်းနဲ့ပဲ တဝဲလည်လည် ဖြစ်သွားခဲ့တာပေ့ါ။ အဲအချိန်တုန်းကလည်း ကားတိုက်မှုဖြစ်တယ်။ တိုက်လိုက်တဲ့ကားကို အဲဒီမှာပဲ ထားခဲ့ပြီး နောက်ထပ်ကားတစ်စီး ချက်ချင်း ဝယ်လိုက်တာမျိုးတွေ ထိအောင် သုံးဖြုန်းခဲ့တာပေ့ါဗျာ။

ငွေတွေက လေထဲမှာ အငွေ့ပြန်သလိုမျိုးကို ဖြစ်ခဲ့တာပါ။

ဒန်ချ်နဲ့ ပက်ပိုတို့က ကျွန်တော့်ကို စောင့်ကြည့်နေတာကိုလည်း ကျွန်တော် သတိထားမိတယ်။ တစ်ရက်ကျတော့ ကျွန်တော် ဆိုင်တစ်ဆိုင်ထဲဝင်ပြီး သကြားလုံး သွားဝယ်တုန်းမှာ သူတို့က ကျွန်တော့်ကို နောက်ကနေ လိုက်ကြည့်နေကြတယ်လေ။

ပြီးတော့ နောက်ကနေ ဖမ်းချုပ်ပြီး ကျွန်တော့်ကို သူတို့ သတ်မှတ်ထားတဲ့ နေရာတစ်ခုကို ရောက်အောင် ခေါ်သွားကြတယ်။

"ဗန်း"ဆိုတဲ့ အသံနဲ့အတူ ကျွန်တော့်ပါး ပူခနဲ ဖြစ်သွားအောင် ထိုးခံလိုက်

ရတယ်။ ပက်ပိုက အားနဲ့ လွှဲထိုးလိုက်တာပါ။ ကျွန်တော့်နှာခေါင်းထဲက သွေးတွေ ဒလဟောကျလာတယ်။ ဒခ်ျက ထပ်ပြီးတော့ ကျွန်တော့်ခေါင်းကို ထိုးလိုက်တယ်။ ဒီတစ်ခါတော့ ကျွန်တော် ဘယ်ဘက်နားက သွေးတွေ စီးကျလာခဲ့တယ်။ မိနစ် ၅၀ လောက်ကို အနိုင်ကျင့် ထိုးနှက်တာ ခံရတယ်ဗျာ။ လက်ထဲမှာလည်း တစ်ပေလောက်ရှိတဲ့ ပလတ်စတစ်ဒုတ်နဲ့ ရိုက်တာလည်း ခံရတယ်။ ဒီနာကျင်မှုတွေက သုံးပတ်လောက်တိတိ ခံစားရတယ်ဗျာ။

ကျွန်တော် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချလိုက်တာကတော့ ရာဇဝတ်မကင်းတဲ့ အလုပ်တွေ လုပ်နေရင်း ဒီရဲနှစ်ယောက်ဖြစ်တဲ့ ဒခ်ျနဲ့ ပက်ပိုကို လုံးဝ မတွေ့အောင်၊ ထပ်အနိုင်ကျင့် မခံရအောင် နေရမယ်ဆိုပြီး ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချထားလိုက်တယ်။

သေချာတာကတော့ နောက်တစ်ခါတွေ့ရင် ကျွန်တော်တို့ သုံးယောက်ထဲက တစ်ယောက်တော့ သေဖို့ သေချာနေပြီ ဆိုတာပဲ။ ကျွန်တော်လည်း အင်အားသုံးပြီး ပြန်လုပ်ဖို့ပဲ ရှိတော့မယ်လေ။ သူတို့ အနိုင်ကျင့်သမျှ ကို ခံရတာထက်တော့ သာမယ်လို့ တွေးမိတယ်။

အဲဒီဖြစ်ရပ်တွေဖြစ်ပြီး မကြာပါဘူး၊ လက်ထဲလည်း ငွေက တော်တော်လေးကို နည်းပါးနေပြီ။ လောင်းကစားမှာ တင်နေတဲ့ အကြွေးတွေ ပေးဖို့ အတွင်းခန်း အနီ၊ အနက် ကာဒီးလက်စ်ကားကို ရောင်းလိုက်ရတယ်။ အိမ်လခ အကြွေးကျန်နေတာလေး အချို့လည်း ရှင်းပေးလိုက်တယ်။ လနည်းနည်းကြာတော့ အတွင်းခန်း မိုးပြာရောင်နဲ့ ကာဒီးလက်စ်တစ်စီးကို ထပ်ရောင်းလိုက်ရ တယ်ဗျာ။

ကျွန်တော် လှလှပပ ပြင်ဆင်ပြီး မီးဆိုင်းအလှလေးတွေ ချိတ်ဆွဲထားတဲ့ အခန်းထဲက ဘာပစ္စည်းမှကို ကျွန်တော် မယူတော့ဘူးလို့ ဆုံးဖြတ်ပြီး၊ ခရီး

ဆောင်အိတ်လေး တစ်လုံးထဲ တစ်နိုင် ပစ္စည်းတွေ ထည့်လိုက်တယ်။ ပြီးတော့ အဲဒီအခန်းကနေ ထွက်လာခဲ့တယ်။ ဘယ်အရာကိုမှ နောက်ပြန်ပြီး လှည့်မကြည့်ခဲ့ဘူး။ အားလုံးကို ထားခဲ့လိုက်တော့တယ်ဗျာ။

ဘိန်းရောင်းတဲ့အလုပ် ပြန်လုပ်ဖို့ ကျွန်တော် ပြန်ကြိုးစားတယ်။ အဲဒီဘက်ကို တစ်ဖန်ခြေချဖို့ ကြိုးစားမယ်ပေ့ါ၊ ဒါပေမဲ့ ပြဿနာတစ်ခုက ကျွန်တော် အရင်က ဝယ်ထားတဲ့ ငွေအကြွေးကျန် အချို့တွေ ရှိနေတော့ ကျွန်တော့်ကို ဘယ်သူမှ ပစ္စည်းပေးချင်စိတ် မရှိကြဘူး။ အခုမှပဲ ကျွန်တော့် ဘဝက မြောက်ပိုင်းက တက်လာတုန်းက ဘဝကို ၃၆၀ ဒီဂရီ တစ်ပတ်လည် ပြန်ရောက်သွားသလိုပဲ။ နေစရာလည်း မရှိ၊ သုံးစရာ ပိုက်ဆံကလည်း တစ်ပြားသားမှမရှိ။ တစ်ခုလေးပဲ ကွာတာက အခုရောက်နေတဲ့ နေရာက လာဂရန်ဂျီ မဟုတ်ဘဲ ဟာလန်းမှာ ကျွန်တော် နေနေရတယ်ဆိုတဲ့ အချက်ပဲ။ ကျွန်တော့်မှာ ဒုတိယအကြိမ် အခွင့်အရေး ရှိသေးမဟုတ်လား။

ဒီလိုနဲ့ပဲ ဆေးရောင်းဖို့ ဒီလောကထဲကို ပြန်ခြေချခဲ့တယ်ပေ့ါဗျာ။ ဒီတစ်ခါတော့ ကံက တော်တော်ကို ဆိုးသွားပြီ။ မြို့ထဲက အကျဉ်းစခန်းမှာ ထောင်ကိုးလ ကျသွားတယ်။ ဆေးမှုနဲ့ပဲဗျာ။ တကယ်ကို ဆိုးဆိုးရွားရွား အဖမ်းခံရတဲ့ မှတ်တမ်းပဲဗျို့။ ပထမဆုံး တရားဝင် ထောင်ကျဖူးတာလို့ ပြောရင်လည်း ရတယ်။

အဲဒီအချိန်ထိ ကျွန်တော်နဲ့ အန်နာဇာတ်လမ်းက ဆက်နေတုန်းဗျ။ တစ်ပတ်ကို ဒေါ်လာ ၆၀ လောက်ရတဲ့ အလုပ်လေးတစ်ခုမှာ သူ အလုပ် လုပ်နေတယ်။ ကျွန်တော့်ကို ထောင်ဝင်စာ လာတွေ့တယ်။ ကျွန်တော့်အတွက် ဆေးလိပ်တွေ ဘာတွေ ဝယ်လာလေ့ရှိတယ်။ သူတစ်ယောက်ပဲ ကျွန်တော့်မှာ တွေ့စရာလူ၊ အပေါင်းအသင်းရှိတယ်။ သူ့ကို ကျွန်တော်နဲ့ပတ်သက်တဲ့

အခြားကိစ္စတွေတော့ များများစားစား ပြောပြတာမျိုး မရှိဘူး။

ကိုးလ...

ကျွန်တော့်အတွက်တော့ ပြန်လည်သုံးသပ်မှုတွေ ကောင်းကောင်း လုပ်နိုင်ခဲ့တဲ့ ကာလပေါ့ဗျာ။ ကိုးလတဲ့ အချိန်တစ်ခုက မိခင်ဝမ်းထဲကနေ ကလေးတစ်ယောက် မွေးဖွားနိုင်တဲ့ အချိန်ကာလ တစ်ခုပဲဗျာ။ ကျွန်တော်လည်း ထောင်ကျနေတဲ့ ဒီကိုးလအတွင်းမှာ အသစ်တစ်ဖန် မွေးဖွားဖို့ ပြင်ဆင်နေခဲ့တယ်လို့ပဲ ဆိုရမယ်။ ဒီလိုနဲ့ပဲ ကိုးလတာလုံးကို ထောင်ထဲမှာပဲ ကုန်ဆုံးလိုက်ရတယ်။

ဖြစ်ချင်တဲ့ ဆန္ဒတွေကို ထောင်ထဲမှာ ရောက်နေတုန်း တွေးတောကြည့်မိတယ်။ ဟာလန်းကို ပြန်လာတာနဲ့ အရင်ကလုပ်ခဲ့တဲ့ ခိုးတဲ့အလုပ်ရယ်၊ လုတဲ့အလုပ်ရယ်နဲ့ပဲ ပြန်စတင်ရမယ့် အနေအထားကို မြင်ယောင် ကြည့်မိတယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ လူတော်တော်များက ကျွန်တော့် မျက်နှာကိုရော၊ ကျွန်တော့်နာမည်ကိုပါ သိနေကြတဲ့အချိန်လေ။ အရင်တုန်းက လုပ်ခဲ့တဲ့ အလုပ်ဟောင်းကို ကျကျနန လုပ်နိုင်ဖို့ဆိုတာ အရင်အချိန်ကလောက် မလွယ်တော့ဘူးဗျာ။

လောင်းကစားဝိုင်းက လူတွေ၊ စတိုးဆိုင်ကလူတွေ အကုန်နီးပါးဆီမှာ ဝင်ထွက် သွားလာခဲ့တော့ ကျွန်တော် ဆိုတာကို အားလုံးက သိနေကြပြီဗျာ။ သူတို့ကို ကျွန်တော် ဓားပြ မတိုက်ခင်ကတည်းက သိနေမယ့်သူတွေကို ဘယ်လိုများ ဓားပြ သွားတိုက်ရမလဲလို့ စဉ်းစားနေမိတယ်။ တစ်ခုတည်းသော နည်းလမ်းက သူတို့လက်ထဲက ပိုက်ဆံလုတော့မယ်ဆို လုပြေးတာမျိုးထက် မေ့သွားတဲ့အထိ ရိုက်လုဖို့ပဲ ရှိတော့တယ်။

ကျွန်တော် အပြင်ကို ပြန်ရောက်လာခဲ့ပြီ။

တစ်ရက်မှာ ကျွန်တော့်ရဲ့ ရန်သူတော်ကြီး နှစ်ယောက်ဖြစ်တဲ့ ဒခ်ျနဲ့ ပက်

ပိုတို့နဲ့ ဆုံပြန်လေရော။ ၈ လမ်းသွယ်နားလေးမှာ တစ်ခုခုစားဖို့ ပြင်ဆင်ပြီး လမ်းလျှောက်လာခဲ့တယ်။ မျက်လုံးကတော့ ရှင်ရှင်ထားတဲ့ အကျင့်အတိုင်း ဘေးဘီကို ကြည့်လိုက်တော့ အနောက်မှာ ကားတစ်စီး ပါလာတာကို သိလိုက်တယ်။ နောက်လှည့်ကြည့်လိုက်တော့ အဲဒီ ငနဲနှစ်ကောင်ဗျာ။

"ဟေ့ ဖရန့် မင်း ဘယ်တွေ ရောက်နေတာလဲကွ" လို့ ဒခ်ျကြ လှမ်းအော် မေးလာတယ်။"

ကျွန်တော့်အသွေးအသားတွေ ဆူပွက်ကုန်သလားပဲ။ ဒီအချိန်မှာ တစ်ယောက်ကသာ ကျွန်တော့်ကို ထိလိုက်ရင် အဆုံးထိလုပ်ဖို့ ကျွန်တော် ဝန်မလေးတဲ့အထိကို ဖြစ်နေပြီဗျာ။ ၄၅ ဒီဂရီ လှည့်လိုက်တယ်။ သူတို့ ကျွန်တော့်ကို ထိတာနဲ့ ကျွန်တော်လည်း နှစ်ယောက်စလုံးကို သေတဲ့အထိ ပြန်လုပ်ဖို့ ပြင်ဆင်လိုက်ပါတယ်။ ဒီလူနှစ်ယောက်ကြောင့်ပဲ ကျွန်တော့်ဘဝ တစ်ဆစ်ချိုးမှာ အခုလို ပြန်နိမ့်ပါးသွားခဲ့ရတာ။

ကျွန်တော် ဖြည်းဖြည်းနဲ့ မှန်မှန် လမ်းလျှောက်လာခဲ့တယ်။ မြန်အောင်လည်း မလျှောက်ဘဲ နေတယ်။ သူတို့ဘက်က တစ်ခုခု စလုပ်ဖို့ အရင်မျှော်လင့်ထားတယ်။

"ဖရန့် ငါ မေးနေတာ မင်း မကြားတာလာကွာ" လို့ ဒခ်ျကြ ထပ်မေးတယ်။

ကျွန်တော် လမ်းလျှောက်လာတဲ့ဆီကို သူတို့ကားကလည်း ဖြည်းဖြည်း လိုမ့်လာတယ်။ ကားက ကျွန်တော့်နောက်ဘက်ကို နည်းနည်းကျော်ကျော်လေး ဖြစ်လာတယ်။ ကျွန်တော်လည်း ခါးကြားထဲက သေနတ်ပေါ် လက်တင်ထားပြီးသား။

"ခွေးမသားတွေ မင်းတို့ ငါ့အပေါ် အနိုင်ကျင့်ခဲ့တာ တော်တော်များနေပြီ။ ဒီနေ့တော့ မရတော့ဘူး။ မင်းတို့နှစ်ယောက်စလုံးကို သတ်ဖို့ ဝန်မလေးဘူး

နားလည်လား၊ ငါလည်း သေချင်သေလို့ရနေတဲ့ အခြေအနေ ရောက်နေပြီ။"

ဒီတစ်ကြိမ်တော့ သူတို့နှစ်ယောက်စလုံး ကျွန်တော့်ကို ဒုက္ခမပေးတော့ဘဲ အေးဆေးလေး လွှတ်ပေးပြီး ၈ လမ်းသွယ်အပေါ်ဘက်ကို ကားမောင်းပြီး ပြန်ထွက်သွားကြတယ်။ အဲဒီနေ့ကစပြီး ကျွန်တော်လည်း သူတို့ နှစ်ယောက်ကို လုံး၀ မမြင်ရတော့ဘူးဗျာ။

ကျွန်တော် လွတ်လပ်သွားသလို ခံစားလိုက်ရတယ်။ ရာဇ၀တ်မှုတွေကို လွတ်လွတ်လပ်လပ် ပြန်လုပ်ဖို့ အခွင့်ပြန်ရသွားသလို ခံစားလိုက်ရတယ်။ ဒီ လာဘ်စားနှိပ်စက်နေတဲ့ ရဲနှစ်ကောင်ဘေးက ကင်းဝေးသွားပြီဆိုတဲ့ အသိလေး ရသွားတယ်။

လောင်းကစားဝိုင်း အချို့ဆီကလည်း ဓားပြတိုက်တာတွေ ပြန်လုပ်ခဲ့တယ်။ ၁၂၅ လမ်းနဲ့ ၈ လမ်းထောင့်မှာရှိတဲ့ အေဂျေလက်စတာ အင်္ကျီဆိုင်ကို ကြံဖို့ စပြီး ပြင်ဆင်ပြီလေ။ ကျွန်တော် အကဲခတ်ကြည့်တော့ မနက်စောစောဆို ဆိုင်ထဲမှာ အရောင်းသမား တစ်ယောက်နဲ့ မန်နေဂျာတစ်ယောက်ပဲ ရှိတတ်တယ်။ သူတို့နောက်နားမှာ ဖုန်းတစ်လုံးရှိတယ်။ အဲဒီက တစ်ခါတစ်ခါ ဖုန်းလာတဲ့အသံကို ကြားရတယ်။ ပထမနေ့က အင်္ကျီလေး အနည်းအကျဉ်း ဝယ်ပြီး အခြေအနေ သုံးသပ်ပြီး ပြန်လာခဲ့တယ်။

ရက်လေး နည်းနည်းကြာတော့ ထပ်လာခဲ့တယ်။ အချိန်က မနက် ဆယ်နာရီ ဆိုင်ဖွင့်ခါစ အချိန်လေးပေါ့။ အရောင်းဝန်ထမ်း နှစ်ယောက် ရောက်နေကြပြီ။ ဆိုင်ပတ်လည်ကို ပတ်ကြည့်ပြီး အကဲခတ်လိုက်တယ်။ ပွိုင့် ၄၅ ပစ္စတိုကလည်း အသင့်ပါလာတယ်။ အခြေအနေအရ ကောင်းပြီ ဆိုတာနဲ့ စပြီးတော့ လှုပ်ရှားလိုက်တော့တယ်။

အသားနီစပ်စပ်နဲ့ အရောင်းဝန်ထမ်းကို ခါးကြားထဲက သေနတ် ထုတ်ပြီး ပြောလိုက်တယ်။

"မင်းတို့ ဘာပြဿနာမှ မတက်ချင်ရင် ငါ ပြောတဲ့အတိုင်းပဲလုပ်" လို့ အော်ပြောပြီး ကျွန်တော် စ ဓားပြတိုက်ပါတော့တယ်။

"ကျွန်တော်တို့ ဘာပြဿနာမှ မတက်ချင်ဘူး" လို့ အဲဒီလူက ပြန်ပြောပြီး ကပျာကယာနဲ့ သော့ယူ အံဆွဲထဲက ငွေစက္ကူအချို့ကို ထုတ်ပေးပါတယ်။

"မြန်မြန်လုပ်ဟ" လို့ ကျွန်တော် ထပ်အော်လိုက်တယ်။

တစ်ဖက်က တစ်ယောက်ကိုလည်း လှမ်းကြည့်ရင်း၊ တံခါးပေါက် အဝင်အထွက် ကိုလည်း အကဲခတ်ရင်းနဲ့ သူပေးတဲ့ ငွေအချို့ကို အသင့်ပါလာတဲ့ အိတ်ထဲကို ထည့်လိုက်တယ်။ ပြီးတာနဲ့ တစ်ကြိုးတည်း သုတ်ခြေတင်ပြီးတော့ကို ပြေးပါတော့တယ်။

ကံကောင်းတာက သူတို့ အော်ဟစ်အကူအညီ တောင်းတာမျိုး၊ ကျွန်တော့် နောက်ကနေ လိုက်တာမျိုး မလုပ်ကြဘူး။ ကားပါကင်ထဲကို မြန်မြန်ပြေး၊ ကားပေါ် ရောက်တာနဲ့ ၅၇ လမ်းဘက်ကို သုတ်ခြေတင် မောင်းပြေးခဲ့တယ်။

အဲဒီအဝတ်အထည် အရောင်းဆိုင်ကနေ ဘယ်လောက်ရခဲ့လဲဆိုတာ သိပ်တောင် မမှတ်မိတော့ပါဘူး။ ဒေါ်လာ ၁၀၀ လောက်သာသာပဲ ရခဲ့တယ်ထင်တယ်။ အဲဒီနေ့က ဗုဒ္ဓဟူးနေ့ကြီးဗျာ၊ တစ်ပတ်တာရဲ့ ခလယ်ခေါင်တည့်တည့် ရက်ကြီး၊ တကယ်တော့ ကျွန်တော် အရမ်းလောသွား တယ်။ သောကြာနေ့လောက်မှ ဒီကိစ္စကိုလုပ်ရင် ငွေများများ ပိုပြီး ရနိုင်မယ်။ အခုက တစ်ပတ်တာရဲ့ အလယ်ဆိုတော့ ဆိုင်မှာလည်း ငွေက သိပ်ရှိပုံမရ ဘူးလေ။ တကယ်လို့သာ သောကြာလောက်မှာ အပီကြံလိုက်ရင် အနည်းဆုံး ၃၀၀၊ ၄၀၀ ပြေးမလွတ်ဘူးပေါ့ဗျာ။

နောက်တစ်ပတ် ရောက်လာခဲ့တယ်၊ ဒီတစ်ခါတော့ ကုန်ခြောက် အရောင်းဆိုင် တစ်ခုကို ကျွန်တော် ဓားပြတိုက်ဖို့ ကြံပြီ။

၁၄၁ လမ်းနဲ့ ၈ လမ်းသွယ်နားမှာ ရှိတဲ့ ဆိုင်လေးတစ်ဆိုင်ပေါ့ဗျာ။ သူတို့ ဆိုင်ရှေ့လေးမှာ ကုန်ခြောက်ရယ်၊ ဟင်းသီးဟင်းရွက်လေး တွေရယ် ရောင်း တယ်။ အစောပိုင်းရက်တွေက လာလာ အကဲခတ်ပြီးတဲ့ အခြေအနေအရဆို ဆိုင်မန်နေဂျာက ကုန်လာပို့တဲ့ ကားကို ပိုက်ဆံ ထွက်ထွက်ရှင်းတာ တွေ့ တွေ့နေရတယ်။ ဟာလန်းမှာက ဒီလိုဆိုင်လေးတွေကို ဂျူးတွေလည်း အလုပ်လုပ်လေ့ ရှိပြီးတော့ ဒေသခံလူမည်းတွေ ကလည်း ပြန်ပြီး အလုပ် လုပ်ကြတယ်။

တစ်ရက်ကျတော့ အဲဒီဆိုင်နဲ့ ခပ်လှမ်းလှမ်းမှာ ကားထိုးလိုက်တယ်။ ဆိုင် ထဲ ဝင်လာလိုက်တယ်။ ကောင်တာမှာ ဘယ်သူမှကို မရှိသေးတာ။ ဒါနဲ့ ကျွန်တော်လည်း တည့်တည့်ပဲ ဆက်လျှောက်လာတယ်။ အဲဒီမှာ မန်နေဂျာ ရုံးခန်းကလည်း ရှိတာကို။ (ဒီလို ဆိုင်လေးတွေမှာ မန်နေဂျာ ရုံးခန်းတွေက ဆိုင်ရဲ့ နောက်ဘက်ထဲမှာ ရှိကြတယ်။) တစ်ဖက်မှာက အိမ်သာတွေရှိမယ်။ အလယ်မှာက ကုန်တွေသိုလှောင်တဲ့ နေရာလွတ်တွေ ရှိနေမယ်၊ အခြား ဘက်မှာတော့ မန်နေဂျာတွေ ထိုင်တဲ့ ရုံးခန်းလေး ရှိတယ်။ ကျွန်တော် လည်း ခပ်တည်တည်နဲ့ နောက်ထဲကို ဝင်သွားလိုက်တယ်။

မန်နေဂျာရဲ့ နောက်ကျောတည့်တည့်ကို ကျွန်တော် ရောက်နေတာကို မ သိတဲ့ပုံစံမျိုး ဖြစ်နေတယ်။

"အလုပ်တော်တော် များနေလား" လို့ ကျွန်တော်က နောက်ကနေ သေနတ်ထောက်ပြီး မေးလိုက်တယ်။

"မင်းက ဘာလိုချင်တာလဲ" လို့ သူက ပြန်မေးလာတယ်။ အသားအရမ်း ဖြူတဲ့ သူက ရုတ်တရက် ပန်းရောင် ထသွားသလိုတောင် ဖြစ်သွားတယ်။

"ငါ ဘာလိုချင်တယ်လို့ မင်းက ထင်လဲ" လို့ ပြန်မေးလိုက်တယ်။

"မင်းလုပ်ရမယ့် အလုပ်က မင်းမှာရှိတဲ့ အရာတွေ အကုန်ထုတ် ပေးဖို့ပဲ

ကွ" လို့ ကျွန်တော်က ပြောလိုက်တယ်။

မန်နေဂျာလုပ်သူက သေတ္တာထဲမှာ ရှိတဲ့ပိုက်ဆံလေးတွေ ထုတ်ပြီး ကျွန်တော့်ကို ပေးလာတယ်။

"မင်း ငါ့နောက်လိုက်လာဖို့တော့ မစဉ်းစားနဲ့ လိုက်လာတာနဲ့ ငါက သတ်မှာ" လို့ ကျွန်တော် ပြောခဲ့တယ်။ အဲဒါပြီးတာနဲ့ တစ်ကြိုးတည်း အပြင်ကို သုတ်ခြေတင်တော့ တာပဲဗျာ။

ပြောရမယ်ဆို အခုလုပ်နေတဲ့ အလုပ်က တကယ်ကို ဘာမှမဟုတ်တဲ့ အလုပ်ကြီးပဲလေ။ ကျွန်တော် အရင်တုန်းကရခဲ့တဲ့ အခြေအနေနဲ့ဆို ဘာဆို ဘာမှ မဟုတ်တဲ့ ဝင်ငွေလေးဗျာ။ ဟာလန်းမှာ အရင်နေခဲ့တဲ့ လူနေမှုပုံစံမျိုး ကျွန်တော် ပြန်မရနိုင်တော့ဘူး၊ အသုံးမကျတဲ့ ဒီဘဝကြီးမှာ တော်တော်လည်း စိတ်ပျက်မိတယ်ဗျာ။ ဒါပေမဲ့လည်း ဒီအလုပ်တွေကို သတ္တိရှိရှိနဲ့ လုပ်ခဲ့တယ်။ ကျွန်တော့်အတွက်တော့ ဒါကို ပြဿနာအကြီးကြီး မဟုတ်ဘူးလို့ပဲ မြင်ယောင် ထားလိုက်တယ်။

နယူးယောက်မှာ ရှိနေချိန်မှာပဲ ဆိုးရွားတဲ့အလုပ်တွေ အကုန်နီးပါး ကျွန်တော် လုပ်ခဲ့တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော် မြောက်ပိုင်းကို ခဏပြန်သွားခဲ့သေးတယ်။ မတွေ့ရတာကြာတဲ့ မိသားစုတွေနဲ့လည်း ပြန်တွေ့ချင်စိတ် ရှိနေတာက တစ်ပိုင်း၊ နောက်တစ်ခုက ရဲတွေကလည်း ကျွန်တော့် နောက်ကို လိုက်နေလို့ ရှောင်နေချင်တာက တစ်ကြောင်းနဲ့ ပြန်လာဖြစ်ခဲ့တယ်ပေါ့။

မြောက်ပိုင်း ပြန်ရောက်တော့ ဖလောရာဆိုတဲ့ ကောင်မလေး တစ်ယောက်နဲ့ ဇာတ်လမ်း ဖြစ်ခဲ့တယ်။ စွဲဆောင်မှုရှိတဲ့ အပြုံးပိုင်ဆိုင်တယ်၊ ခြေတံလက်တံ ရှည်ရှည်လေးတွေနဲ့ဗျာ။ တကယ်ကို ကျေးတောသူလေးလို့လည်း ပြောနိုင်တယ်။

ကျွန်တော် အိမ်ပြန်သွားတဲ့ကာလမှာ သူနဲ့အတူ အကောင်းဆုံး အချိန်တွေကို ဖြစ်ခဲ့တယ်။ ကျွန်တော် နယူးယောက်ကို ပြန်လာတဲ့အချိန်ထိကို သူ့အကြောင်း တွေးနေမိတယ်။ ကျွန်တော်တို့ ဆက်ဆံရေးက တော်တော်ကို ရေရှည်ခံတဲ့ အခြေအနေကြီး တစ်ရပ်ပါလားလို့။

တိုတိုပြောရရင်တော့ဗျာ၊ ဖလောရာနဲ့ကျွန်တော် ကလေးရခဲ့တယ်။ ကျွန်တော် မြောက်ပိုင်းမှာ ခိုနားတဲ့ ကာလအတွင်းမှာပဲ သူ ကလေးမွေးခဲ့တယ်။ ငယ်ငယ်ပဲ ရှိသေးတဲ့ ကျွန်တော့် အတွက်တော့ အဖေဖြစ်ဖို့ အဆင်သင့် မဖြစ်သေးခင်မှာပဲ ကလေးရခဲ့တာလို့ ပြောရမယ်ဗျာ။

ကလေးမွေးတဲ့နေ့က ဆေးရုံမှာ ကျွန်တော် ရှိနေတယ်။

"မိန်းကလေး" လို့ ဆရာဝန်က လာပြောပြတယ်။

"ဟုတ်လား မိန်းကလေး မွေးတာလားဗျ"

"နှစ်ယောက်တောင်" လို့ ဆရာဝန်က ပြန်ပြောလာတယ်။

"ကျွန်တော် တကယ်ကြီးကို သမီးနှစ်ယောက် ရခဲ့တာလား"

လုံးဝကို အံ့ဩ ဆန်းကြယ်စရာကြီးလို့ တွေးနေမိတယ်။ သမီး နှစ်ယောက်ကို ဘက်တီနဲ့ ရူဘီ လူးကပ်စ်လို့ နာမည်ပေးလိုက်တယ်။ ဖလောရာကလည်း အသက်ငယ်ငယ်ပဲ ရှိသေးတော့ သူ့မိဘတွေနဲ့ပဲ မြောက်ပိုင်းမှာ ဆက်နေရဦးမယ့် အခြေအနေပေါ့ဗျာ။

ကျွန်တော် သူတို့မိသားစုလေးကို တကယ်ကောင်းမွန်တဲ့ ဘဝလေးမှာ ထားချင်တယ်။ သူတို့တွေကို အကောင်းဆုံး ဘယ်လို ထောက်ပံ့ပေးရမလဲပဲ ကျွန်တော် စဉ်းစားနေမိတယ်ဗျာ။ မြောက်ပိုင်းမှာ ကျွန်တော်နေပြီးတော့ သူတို့အတွက် အကောင်းဆုံး လုပ်ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာလေ။ ဒီထဲမှာ နစ်မွန်းပြီး ကျွန်တော် အချိန်တွေ ကုန်သွားလို့ မဖြစ်

သေးဘူးလေ။

အခု ကျွန်တော် အဖေတစ်ယောက် ဖြစ်လာခဲ့ပြီ။ တစ်ဖက်မှာလည်း ဆိုးရွားတဲ့ ရာဇဝတ်မှုတွေနဲ့ ပြေးတမ်းလိုက်တမ်း ဆော့နေတဲ့ လူဆိုး တစ်ယောက်ပေါ့လေ။ အဲဒီ ခဏမှာတော့ အဖေတစ်ယောက် ဖြစ်ရတာက ရာဇဝတ်မှု ၁၀မှုလောက် ကျူးလွန်ရတာထက် အများကြီး သာတယ်လို့ တွေးကြည့်မိတယ်။

ကျွန်တော် သမီးလေးနှစ်ယောက်ကို ထားခဲ့ပြီး မျက်ရည်တွေနဲ့ နယူးယောက်ကို ပြန်လာခဲ့တယ်။ တစ်ချိန်တည်းမှာပဲ ပိုက်ဆံတွေကို များများ သိမ်းပိုက်နိုင်ဖို့ ပြန်ကြိုးစားမယ် ဆိုတဲ့ ယုံကြည်ခြင်းတွေနဲ့ ပြန်လာခဲ့တာ ပေါ့ဗျာ။

***